ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## တိမ်ညိုကြားကငွေလမင်း



အချစ်
လုံးချင်းဝတ္ထုသစ်

# အခန်း(၁)

"နာမည်က မုတ်သုန် မို့လို့ ပဲတော်ပေတော့တယ်။ မုန်တိုင်းသာဆိုရင် ဘယ်လောက်တောင်ဂြိုလ်မွှေ လိုက်မလဲ မသိဘူး။ မျက်နှာထားကိုက တစ်လောကလုံး သူ့လုပ်စာထိုင်စားနေတဲ့ အတိုင်း။ ပြောရင်လည်း ပြောတဲ့ သူ အလွန်ဖြစ်မယ်၊ မပြောပြန်တော့ တစ်နေ့ တစ်နေ့ ထွက်သွားလိုက် ပြန်ဝင်လာ သူများ ချက်ပြီးသား စားလိုက်၊ ပြီးတော့ ဘောပင်တစ်ချောင်းကိုင်ပြီးရေးလိုက်တဲ့ စာ။ ကဗျာလိုလို၊ ဝတ္ထုလိုလို ပြောလိုက်ရင် ခုပဲ စာရေးဆရာ ထဖြစ်တော့မယ့်အတိုင်း။ နောက်တော့လည်း အဖျားရှူးသွားပြန်ရော။ ဖယောင်းတိုင်ဖိုးနဲ့ ကျူပ်တော့ ခေါင်းမွှေးပေါက်ပါ ဦးမလား မသိဘူး။ စိတ်ညစ်ပါတယ်တော်"

အသံက လိုသည် ထက် ပိုစာနေမည်ဆိုတာ ခန့်မှန်းလို့ ရနိုင်၏။ ပြောလိုက်တာ စကားလုံးကြား မြူတစ်မှုန်ပင်ဝင်ပြီး သွေးထိုးလို့ ရမှာ မဟုတ်ပေ။

ဦးစိန်ခင် ဆေးလိပ်ကိုသာ တစ်ရှိုက်ပြီးတစ်ရှိုက်ဖွာလျက် သက်ပြင်းကသာ သူ့ရဲ့ ဘက်တော်သား၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ်မှ မှန်တယ်ထင်ကြတာ ဆန်းတော့မဆန်းပေ။ သူပြောတော့လည်း ဟုတ်၊ ငါပြောတာလည်း မှန် အမှန် … အမှန်တွေကြားမှာ ရန်ဖြစ်ကြမှာ စိုးလို့ ဘုရားမနေရတာလည်း ကြာတော့ ဘုရားပိလို့ ကိုယ်ပဲသေရတော့မလို။

သားကလည်း သား မယားကလည်း မယား။ အမေနဲ့ သားဖြစ်နေလို့က ဒီအသံတွေထွက်လာမှာ မဟုတ်ပေမဲ့ အခုဟာက မိထွေးနဲ့ လင်ပါသား။ မတည့်ကြတာက အချိန်တိုင်း။ သူ့ဘက်ပါ ကိုယ့်ဘက်ပါတွေနဲ့ ဆိုတော့ ပိုဆိုးသည် ။

မယားဘက်ကကြည့်ရင်...

လယ်ထဲလည်း ဆင်းရ၊ ထမင်းလည်း ချက်ရ ပင်ပန်းလာတော့ ထမင်းပွဲထိုင်တဲ့ လူတွေကိုပဲ မကြည်ဖြူချင်။ ဟိုလူအော် ဒီလူငေါက်နှင့် ကြားရတာနားမချမ်းသာ။

သားဘက်ကကြည့်ရင်လည်း ...

ကိုယ့်မှာ အခြေအနဲ့ အနေနဲ့ ပြေပြေလည်လည် ရှိနေတုန်းကတော့ သား...သားဆိုတာပါးစပ်ဖျားကမချ။ အခု မွဲနေပြီဆိုမှ ဆက်ဆံရေးက အနက်ရောင်ပြောင်းသွားတော့ ဘယ်ကျေနပ်ရှာမလဲ။ သူ့အမေရှိတုန်းကတော့ သားကိုချစ်လွန်းလို့ ဖူးဖူးမှုတ်ထားတာ။ ကျောင်းစာကလွဲပြီး လောက အကြောင်း ဘာမှ မသိသည့် အလား။ စာကလည်း တော်သည် ။

အဲဒီအချိန်မှာ သူဝါသနာပါတာကပန်းချီ။ သားဆွဲတဲ့ ပန်းချီပုံလေးတွေကို ကြည့်ပြီး မအေလုပ်သူက ကျေနပ်နေတတ်၏။ ကျောင်းစာမှာဆို ပထဝီတို့ ဘိုင်အိုတို့ ဆိုလား ကိုယ်က ဘုန်းကြီးလူထွက်ဆိုတော့ ဂဃနဏမသိ။ ဘုန်းကြီးကျောင်းထွက်က မဂ်လသုတ်ရပြီဆိုရင် ကျောင်းထွက်ကုန်ကြတာများ ၏။ သူ့သူငယ်ချင်းတွေ အိမ်လာတိုင်း ပြောကြတာတော့...

ဒီကောင်ကြီးက ပုံဆွဲရပြီဆို အေစကွဲယား အေကျူ့တို့ ပဲရတာ။ ဆရာမက ပုံနှိပ်စာအုပ်နဲ့ ထပ်ဆွဲတယ်ထင်ပြီး ပုံနှိပ်စာအုပ်တွေကို

ယူစစ်ကြည့် ကျောက်သင်ပုန်းမှာ ထွက်ဆွဲခိုင်းနှင့် နဲ့ တောင် စစ်ဆေးသ တဲ့ လေ။

အမေရှိတုန်းက လက်ဆယ်ချောင်းချိုးကြည့်လို့ တစ်ချောင်းမကျိုးတဲ့ ကောင်။ အခုမှ သူ့ခမျာ ဆယ်တန်းအောင်ပြီး ကျောင်းလည်း ဆက်မတက်ရ။ လယ်သမားသား သမီးလယ်ထဲပဲဆင်း၊ တက္ကသိုလ်ဆက်တက်လို့ ငွေလည်း မတတ်နိုင်ဘူး။ ခုခေတ်ထဲမှာ ဘွဲ့ရပြီးလယ်ထဲဆင်းနေရတဲ့ ကောင်တွေ အများကြီးဆိုတဲ့ ကိုယ့်စကားကြောင့် သူ့ခမျာ သောင်မတင် ကမ်းမကျနဲ့ ဇော်ကန့်လန့်ဖြစ်နေရရှာသည် ။

လယ်ထဲဆင်းဆိုတော့....

ဆင်းရှာသားပဲ။ သူတတ်သရွေ့မှတ်သရွေ့လုပ်ပေမဲ့ လွဲချော်မှုတွေရှိ လာရင် မျက်နှာကောင်းမရ။ ကိုယ်က သူ့အမေသေပြီး တစ်နှစ်တောင်မပြည့်ခင် နောက်မိန်းမ ကောက်ယူပစ်လိုက်တာ။

ခုတော့ ဆူးနှစ်ဖက်ကြားမှာ ပေါက်တဲ့ ဗူးသီးလို သူ့မှာ ဆုပ်လည်း ဆူး စားလည်း စူး။

"တောမှာ နေတာပဲ တောအလုပ်ကို ကျိုးကျိုးနွံ့နွံ့လုပ်ပေါ့။ ခုတော့ ကိုယ်နေတဲ့ နေရာနဲ့ ဘယ်လိုမှ လက်လှမ်းမမီတဲ့ အလုပ်ကိုပဲ ခုံမင်နေ တယ်။ ဖြစ်ပါလိမ့်မယ် စာရေးဆရာကြီး။ ဝဲနေတာတော့ကောင်းကင်ပါ ပဲ။ ကျမှ ဘယ်ချေးပုံကို ခေါင်းစိုက်ကျမယ်မသိဘူး"

ဇနီးသည် ၏ အသံကထွက်လာပြန်သဖြင့် အတွေးစက ပြတ်သွားသ ည် ။

"ရှင်လည်း အဲဒီဆေးလိပ်တွေကို ကြပ်ကြပ်သောက်။ လူကဖြင့် ချော င်းတဟွတ်ဟွတ်နဲ့ လူတစ်ကိုယ်လုံး နံရိုးပဲရှိတော့တယ်"

ကိုယ့်ကိုပြောတာကတော့ စေတနာစကားပါ။ ဆေးလိပ် တစ်လိပ်ကိုတစ်မီးသာသောက်တဲ့ သူ့ကိုပြောလည်း ပြောစရာ။

"ဟွန်း…အဖေက ရောဂါသည် ၊ သားက ပျေင်း။ မပျင်းတဲ့ကောင်ကျတော့ ခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတ။ ကောင်းတဲ့ လူပဲမရှိဘူး။ ရှင့်ကို ယူမိတာ ကျုပ်တော့မှားတာပဲ။ ကျုပ်ရော ကျုပ်သားတွေပါ ဝဋ်ကြီးကြတာပဲ"

ကြားရတဲ့ အသံကြောင့် မုတ်သုန် ခြေလှမ်းတွေ တန့်သွားသည် ။ ချွတ်လိုက်မိတဲ့ ဆင်ကြယ်သားရေဖိနပ်ကိုပဲ ပြန်ငုံ့ကြည့်ပြီး နားစွင့်မိ၏။ ဆန္ဒနှင့် ဘဝတစ်ထပ်တည်း မကျပုံများ ဖိနပ်ကိုကြည့်ရုံနှင့် သိသာလွန်းလို့ ။

နှစ်နှစ်ကျော်အောင် တရိုတသေစီးခဲ့ရသည့် ဖိနပ်ကလေးက သဲကြိုးပြတ်လိုက် ပြပ်တပ်လိုက် ဖိနပ်ခုံနှင့် သဲကြိုးက အထာမကျတော့ ။ ခုံကသာ ဒါတစ်ခုပဲ သဲကြိုးက ဘယ်နှစ်စုံတောင် အသစ်ဝယ်လဲမိမှန်းမသိ။ ဆင်ကြယ် ဖိနပ်တစ်ရန်ကို ၂၈၀၀၊ ၃၀၀၀ မို့ဝယ်မစီးနိုင်လို့ ။ ဒါလေးကိုပဲ တုံးထမ်းပိုးအရှုတင်နေရတာ။ ကြာတော့…လူတွေတောင် သေရသေးတာပဲ။ ဖိနပ်ကလေးကလည်း နောက်ဖင်တွေ ပါးပြီး ပေါက်တော့မယ်။

ဒါ…မုတ်သုန်ရဲ့ ဘဝမှတ်တမ်းပါပဲ။

"အခုလည်း ဘယ်သွားတယ်မသိဘူး။ ပြန်လာရင်တော့ ထမင်းပွဲကိုဆက်ဆေးဝင်ပါတော့မယ်"

"ခက်တယ် မထွေးကြည်ရယ်။ မင်းမှာ လည်း တစ်နေ့တစ်နေ့ ပူညံပူညံနဲ့ "

"နားပူမခံနိုင်ရင် တခြားသွားနေလေ။ ကျုပ်ကတော့ ပြောစရာရှိတာကို ပြောရမှာ ပဲ။ ရေငုံနှုတ်ပိတ်လုပ် မနေနိုင်ဘူး။ ဘယ့်နှယ်တော် လူနေတော့ ချုံကြား စိတ်နေတော့ဘုံဖျား"

"သူလည်း လုပ်နေတာပဲကွာ လယ်ထွန် ပျိုးနုတ်ကောက်ရိတ်အပြင် ဘာများ လုပ်ရဦးမှာ လဲ။ အခုအချိန်က တော်သလင်း၊ သီတင်းကျွတ် လယ်တွေစိုက်ပျိုးပြီးမှ ဘာများ လုပ်စရာရှိသေးလို့ ။ ဒီအချိန် အလုပ်မရှိလို့ ထိုင်စားနေကြတာ သူတစ်ယောက်တည်းမှ မဟုတ်တာ"

ဦးစိန်ခင်က ဘေးအိမ်တွေ ကြားမှာ စိုးဟန်နှင့် တိုးတိုး ကျိတ်ကျိတ်ပြောလိုက်ပေမဲ့...

"အလို....ရှင်က ရှင့်သားကို ထိတော့မခံနိုင်ဘူးပေါ့။ ရွာထဲမှာ သူ့ထက်ငယ်တဲ့ ကောင်လေးတွေတောင် နွားအငှားကျောင်းတာတို့ ၊ ကလောဥ၊ ကန်စွန်းဥ သယ်ရောင်းတာတို့ လုပ်နေကြတာ။ ရှင့်သားက အသက်နှစ်ဆယ်ကျော်လေ ပိုပြီးတော့တောင် လုပ်နိုင်သေးတယ်။ ပျင်းကို ပျင်းတာပါ"

မုတ်သုန် ခြေလှမ်းစတင်၍ ရွေ့လျားလိုက်သည် ။ ယောကျ်ားလေးဖြစ်လင့်ကစား ခြေသံမပြည်အောင် လှမ်းတတ်လေ့အကျင့်ရှိတာက မေမေ သင်ပေးခဲ့တာ။

"ယောကျ်ားလေးပဲဖြစ်ဖြစ်။ မိန်းကလေးပဲဖြစ်ဖြစ် ခြေလှမ်းကို ညင်ညင်သာသာလှမ်းရတယ်သားရဲ့ ။ ကိုယ့်ထက်ကြီးတဲ့ သူပဲဖြစ်ဖြစ် ငယ်တဲ့ သူပဲဖြစ်ဖြစ် အိပ်နေရင် ပိုပြီးသတိထားရမယ်။ ကိုယ့်ခြေသံကြောင့် နိုးသွားရင် သူများ ရဲ့ အိပ်စက်ခြင်းကို ဖျက်ဆီးခြင်းမည်လို့ ငရဲကြီးတတ်တယ်။

ပြီးတော့လေ ခြေထောက်ကို ခြေဖနောင့်က အရင်ချပြီး

ဆောင့်မနင်းရဘူး။ အဲဒီလိုနင်းတဲ့ သူက လူ့ဘီလူးတဲ့ ။ ဘယ်လောက်ပဲ လုပ်လုပ် စီးပွားမဖြစ်ဘူး မကောင်းစားဘူး" စသည့် ဆိုဆုံးမစကားတို့ မေမေ့အသံချိုချိုအေးအေးလေး ကိုသတိရလိုက်တာ။

အခုကြားလိုက်ရသမျှကတော့ ငှက်ဆိုးထိုးသံလို အသံစူးစူးနဲ့ ဆဲဆိုကြိမ်းမောင်းသံတွေသာ။ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးတဲ့ ။ ဒီ အကျင့်တွေက သူ့သားတွေမှာ လည်း ကူးစက်လို့ ၊ ကိုယ့်ညီနှင့် ရွယ်တူ တစ်ယောက် အငယ်တစ်ယောက်မို့ အိမ်ပေါ်ကို ပြေးတက် ပြေးဆင်း၊ ဝု န်းဝုန်းဒိုင်းဒိုင်း တွေနှင့် မပြောချင်လို့ ရှောင်ထွက် သွားတော့။

သူ့ကို အိမ်နတ်ကလက်မခံလို့ ကင်ပွန်းတပ်သေးသည် ။

"ဟော...ပြန်လာပါပြီ ရွာလည်ရှင်မင်း"

မဲ့ရွဲ့ပြောမည်ဆိုတာကိုသိပေမဲ့ မုတ်သုန်လှည့်မကြည့်။ သောက်ရေ အိုးဆီသို့သာ တန်းသွားပြီး ရေတစ်ခွက်ကို သောက်လိုက်သည် ။ မိုးလင်းကတည်းကသူဘာမှ မစားရသေးဘူးလေ။ ငယ်ငယ်ကတည်းက သူများ တွေလို ထမင်းကြမ်းစားလေ့မရှိတော့ ဆယ်နာရီဆို ဗိုက်ကဆာ တတ်စမြဲ။

မေမေရှိတုန်းကဆို မိုးလင်းတာနဲ့ သားရေစာအဖြစ် မုန့်ဝယ်စားနေ ကျ။ မုန့်ဟင်းခါးဖြစ်ဖြစ်၊ ကောက်ညှင်းထုပ် ဖြစ်ဖြစ်ပေါ့။ အခုက အဲဒါ တွေဘယ်မှာ မှန်းမသိ။

ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရတဲ့ ဘဝကို... ပြန်မတမ်းတချင်လို့ ဖြစ်သလိုနေလိုက်တော့။

"မစားရင်နေ အကုန်သက်သာတယ်"တဲ့ ။

အခုကြည့် ဆယ်နာရီကျော်နေပြီ ဆန်ကောကို ပေါင်ပေါ်တင်ပြီး မဲ့

လို့ ရှဲ့လို့ ကောင်းနေဆဲ။ မုတ်သုန် ဆာနေတဲ့ ဗိုက်ကိုဖြည့်ဖို့ လေးခွနှင့် လေးသီးတွေထည့်ထားသော လွယ်အိတ်ကို ဖြုတ်ယူလိုက်တော့...

"ဟဲ့...ဘာလုပ်ဦးမလို့ လဲ"

"မာလာကာသီး ပစ်ချမလို့ "

"ငါရောင်းမလို့ ဖောက်သည် စပ်ထားတယ်နော်။ အဲဒီ မာလာကာပင်တွေဆိုတာလည်း နင်နှိပ်စက်တာနဲ့ လူသာဆို ခြေကျင်ထိုးငိုနေပြီ"

ဘာမှ ပြန်မပြောဘဲ ဆင်းလာတော့ နောက်မှာ ကျန်ခဲ့သည့် စကားသံမှာ ...

"ခံမပြော နားမထောင်နဲ့ "

လူယဉ်ကျေးသားပီပီ ခံမပြောတာကိုပဲ အပြစ်မြင်နေသေးသည် ။ ခံပြောရင်...

"မိုက်ရိုင်းလိုက်တာ...မိမဆုံးမ ဖမဆုံးမသား"လို့ အပြောခံရဦးမှာ ။ အဲဒီလို ပြောလာရင်တော့ မုတ်သုန်သည်းမခံနိုင်ဘူးလေ။ မိဘကို ထိခိုက်လာရင် မုတ်သုန်ပါးကို အရိုက်ခံရတာထက် နာတတ်သည် ။

"ကိုကို"

မုတ်သုန် ပစ်ချထားသော မာလာကာသီးသုံးလုံးကို လွယ်အိတ်ထဲသို့ ကောက်ထည့်ရင်း ငဲ့ကြည့်လိုက်တော့ မုတ်သုန်ရဲ့ ညီလေးလေပြေ။

သူက မိုးဦးမုတ်သုန်ညီလေး။ နာမည်က ဆောင်းဦးလေပြေ။ မေမေက အေးချမ်းခြင်းနိမိတ်ဆောင်ပြီး ပေးခဲ့တဲ့ နာမည်တွေက အခုများ ဖြင့် နာမည်သာ အေးပြီး ဘဝတွေက နွေကို နွေကအဆင့်ကဲ ရိုးတံခပ်ကျဲကျဲ။

"မင်း ...ဘယ်ကပြန်လာတာလဲ"

"ငါးသွားမျှားတာ"

"ရလား"

"ရတာပေါ့ ...ငါးရံ့အကြီးကြီး နှစ်ကောင်ရတယ်"

လေပြေက ပလိုင်းထဲမှ ငါးရံ့နှစ်ကောင်ကို ဖမ်းပြနေသေးသည် ။ မုတ်သုန် စိတ်မကောင်းဖြစ်ရပေမဲ့ ဘာမှ တော့ မပြောဖြစ်။ သူရှာလို့ ပဲ ငါးပိချက်ကို ငါးဖျော်တာတို့ ၊ ငါးဟင်းတို့ စားနေရတာလေ။ ခြေတစ်ဖက်မသန်ဘူး ဆိုပေမဲ့ အဆိုးကြီးမှ မဟုတ်တာ။

မသိမသာလေး ထော့နင်း ထော့နင်းဖြစ်နေရုံသာ။ ငယ်ငယ်တုန်းက သစ်ပင်ပေါ်ကပြုတ်ကျပြီး တင်နည်းနည်းနိမ့်သွားတာ။

"ကိုကို"

"ဟင်"

မုတ်သုန် မာလာကာသီးကို ပလုပ်ပလောင်း စားနေရင်းမှ ထူးလိုက်၏။

"ညီ့ကို ဖားဖမ်းပေးဦးနော်။ ဖားနဲ့ မျှားမှ ငါးကြီးကြီးမိတာ ကိုကိုရ"

လေပြေက ငါးမျှားတံရှည်ကြီးကို မာလာကာပင် ထောင်ရင်းဆိုသည် ။ မနေ့က ဖားဖမ်းပေးပါဆိုလို့ မုတ်သုန်တုံးတွေအောက်ကနေ ရှာဖမ်းပေးလိုက်တာ။ အိုးထဲမှာ လှောင်ထားတော့ ဘာများ လုပ်မလဲလို့ ။

လတ်စသတ်တော့ ဖားကို ငါးမျှားမှာ ချိတ်ပြီး ငါးမျှားတာကိုး။ မုတ်သုန်က ငါးရှာဖားရှာ ဝါသနာမပါတော့ ဒါတွေကို မသိပေ။ ဘုရားဖြစ်မယ့် အုတ်နီခဲပဲပြောပြော ဘိလပ်မြေပဲဆိုဆို သူက အကုသိုလ်အလုပ်ကို မလုပ်ချင်တာ အမှန်။

"ဖမ်းပေးနော်...ကိုကို"

"အေးကွာ...အေး"

လေပြေ မျက်နှာပြုံးသွားသည် ။ ညီအစ်ကိုဆိုပေမဲ့ စရိုက်မတူတာက အဲဒါကစသည် ။ လေပြေက ငါးရှာ၊ ဖားရှာ၊ ကြွက်ထောင်၊ အမဲလိုက် စသည် တို့ ကို ဝါသနာပါ၍

မုတ်သုန်က မေမေ့ရင်ခွင်မှာ ကြာရှည်စွာ လိုလှုံခဲ့ရလို့ လားတော့မသိ။ အနုပညာလို နူးနူးညံ့ညံ့အလုပ်တွေကိုပဲ စိတ်ဝင်စားသည် ။ ပန်းချီဆွဲတာ၊ ကဗျာစပ်တာတို့ ပေ့ါ။

အခုနောက်ပိုင်းမှာ စိတ်ညစ်လို့ စိတ်ထွက်ပေါက် ရှာရာကနေ ဝတ္ထုတွေရေးတတ် လာပြီ။ ကိုယ်ခံစားရလို့ ရင်ထဲမှာ မျိုသိပ်ထားရသမျှ ဇာတ်ကောင်တွေရဲ့ စကားလုံး တွေထဲမှာ ထုတ်သုံး ဖြစ်၏။ ကိုယ်စဉ်းစားမိသမျှ ဇာတ်လမ်းထဲမှ မင်းသမီးနဲ့ မင်းသားသည် မုတ်သုန်၏ ခံစားချက်တွေကို ကုစားပေးသည့် ဆရာဝန်တွေ။

မိထွေးဆိုတာ ကောင်းတဲ့ သူခပ်ရှားရှား။

"ကိုကို"

"ဘာလဲကွာ"

"မမနှင်းက မှာ လိုက်သေးတယ်"

"ဘာလဲ"

"ကိုကိုနဲ့ တွေ့ချင်လို့ ဘုရားပေါ်လာခဲ့ပါတဲ့ "

"ဘယ်အချိန်လဲ"

"နေဝင်စအချိန်"

မုတ်သုန်ပြီးမိသွားတာ နှင်းနုဆိုတာ မုတ်သုန်ရဲ့ ရည်းစားလေ။ ရည်းစားနဲ့ တွေ့ရတဲ့ အချိန်မှာ တော့ စိတ်ညစ်တာတွေကို မေ့ထားပစ်ထားနိုင်မြဲမဟုတ်လား။

***

# အခန်း(၂)

ရည်းစားတွေ ချိန်းတွေ့ကြတဲ့ အချိန်မှာ ကြည်နူးပျော်ရွှင်နေရမယ့် အစား အဆင်မပြေခြင်းတွေကို နှင်းနုက သယ်ဆောင်လာသည် ။

"နင် ဒီလိုပဲ ဝေလေလေဘဝနဲ့ နေသွားတော့မှာ လား မုတ်သုန်"

"နင် ဘာကိုပြောချင်တာလဲ နှင်းနု"

နှင်းနုကသက်ပြင်းချလိုက်ပြီး...

"နင် စာယောင်ယောင် ပေယောင်ယောင်လုပ်နေတဲ့ ကိစ္စကိုပြောတာ။ ဘာမှ ဖြစ်လာတာလဲမဟုတ်ဘဲနဲ့ ။ ငါးပြားမရ ဆယ်ပြားမရ"

"ငါက အဲဒီ ငါးပြားဆယ်ပြားကိုမှန်းပြီး လုပ်နေတာမှ မဟုတ်တာ။ လူမှန်ရင် ရည်ရွယ်ချက်ရှိတယ်၊ ခံယူချက် ရှိတယ် နှင်းနု"

"နင့်ရည်ရွယ်ချက်တွေ၊ ခံယူချက်တွေက ဖြစ်မှ မဖြစ်နိုင်တာ"

မုတ်သုန် မျက်မှောင်ကြုတ်သွား၏။ လူတစ်ယောက်ရဲ့ အနာဂတ်ကို အပြတ်အသတ်ကြီး အညွန့်ချိုး ပြောချလိုက်တာကတော့ လွန်လွန်းပြီထင်ပါရဲ့ ။ လူတိုင်း မျှော်လင့်ချက်နဲ့ အသက်ရှင်နေကြတဲ့ အထဲမှာ ကိုယ်မျှော်လင့်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို ကျားကုတ်ကျားခဲနဲ့ ရုန်းကန်တက်သွားကျတဲ့ လူတွေ ဒုနဲ့ ဒေး။

အဲဒီအထဲမှာ မုတ်သုန် မပါဘူးလို့ ပြောနိုင်မလား။

"နင် စဉ်းစားကြည့်လေ။ စာရေးဆရာတို့ ၊ မင်းသမီး၊ မင်းသားတို့ ၊ အဆိုတော်တို့ ဆိုတာ မြို့ကလူတွေမှ အဆက်အသွယ်ရှိလို့ ဖြစ်ကြတာ၊ နင်က ရန်ကုန်ပြောနဲ့ ဟသ်တတောင် ဘယ်နှစ်ခေါက်ရောက်ဖူးလို့ လဲ"

"မရောက်ဖူးပေမဲ့ ငါ့မှာ မျက်စိတွေ နားတွေရှိတာ အလကားမထား ဘူး။ နင်တို့လို တစ်နေ့တစ်နေ့... ကောက်တစ်နေ့စိုက်ရင် ဘယ်လောက် ၊ ကောက် တစ်ကွက်ရိတ်ရင် ဘယ်လောက်၊ ပဲဆွတ်ရင် ဘယ်လောက်၊ အဲဒါတွေပဲ တွက်နေတဲ့ ဦးနှောက်ထဲက အတွေးအခေါ်တွေနဲ့ တော့ ငါ့ အလုပ်က အရှုံးအလုပ်ပေါ့ဟာ"

"မဟုတ်လို့ လား"

မုတ်သုန် လွန့်ခနဲပြုံးလိုက်သည် ။ ကိုယ်ရည်မှန်းထားတဲ့ ပန်းတိုင် ကို ခရုလို တရွေ့ရွေ့တက်ဖို့ မုတ်သုန်မှာ အင်အားတွေအပြည့်နှင့် ပါ။ တောဒေသကလူတွေ တစ်လကြာလို့ စာတစ်ခါကောက်မဖတ်ကြလို့ အ ချို့ မေ့သူတွေက မေ့။

လူ့ဘဝရဲ့ အနှစ်သာရ အသိအမြင်တိုးပွားမှုတွေ စာပေထဲမှာ ရှိတယ် ဆိုတာကို နားမလည်ကြပေ။ မုတ်သုန်တို့ က စာဆို၍ အဖေသောက်တဲ့ ဆေးလိပ်တိုက သတင်းစာလေးပဲဖြစ်ဖြစ် ခွာကြည့်လိုက်ရမှာ ၊ ချစ်နိုင် ( စိတ်ပညာ)၊ ဆရာအောင်သင်း၊ ပီမိုးနင်း အစရှိသည့် ပညာပေးစာအုပ် တွေကို ရှာဖတ်သလို၊ ရသဝတ္ထုတွေလည်း ဖတ်၊ အင်္ဂလိပ်နှင့် ပတ်သက် တာတွေလည်း လေ့လာ၊ ဒီကြားထဲ သူများ တွေက ရေဒီယိုဖွင့်လျှင် သီချ င်းသာနားထောင်ပြီး တကယ့်ဗဟု သုတရှိမယ့်ဟာတွေကျတော့ နားမ လည်လို့ ဆိုပြီး ပိတ်ထားကြရော။

မုတ်သုန်ကတော့ သွားလေရာ ရေဒီယိုတစ်လုံးနှင့် ။ စာအုပ်စာပေ လူ့မိတ်ဆွေ၊ ဘဝတစ်ကွေ့ အတွေ့အကြုံ၊ အင်္ဂလိပ်စာသုတဗေဒ စသည်

စသည် တို့ မှ ကြော်ငြာက ဘယ်လိုဆိုတာက အစနားထောင်သည် ။

ဒါကိုပဲ အရူးတဲ့ ။ ကိုယ့်ကပဲ ရူးနေသလား၊ သူတို့ ကပဲ မစူးစမ်းလို့ တစ်မူးသာချင်နေကြသလား။ တစ်နေ့တော့ အဖြေမှန်ပေါ်လာလိမ့်မည် ပေါ့။

"နင် ငါနဲ့ လက်ထပ်ဖို့ မကြိုးစားတော့ဘူးလား"

"လက်ထပ်ဖို့ ကသက်သက်၊ ငါ့ဝါသနာကတခြား မဆိုင်တာကို ကြားလေမသွေးနဲ့ လေဟာ"

"နင့်ကို ငါတကယ်စိတ်ပျက်တယ် မုတ်သုန်"

"ဘာ"

မုတ်သုန် နှင်းနုကို ခပ်စူးစူးကြည့်ပစ်လိုက်၏။

"ငါ့ဘက်က ဘာများမှားနေလို့ လဲ နှင်းနု။ လယ်ထွန် ပျိုးနုတ်အပြင် ငါက ဘာလုပ်ရဦးမှာ လဲ"

"သူများ တွေလို အလုပ်ပြတ်ချိန်မှာ ငါးလေး ဘာလေးရှာပြီး ပိုက်ဆံ စုပေါ့ဟ့"

မုတ်သုန် မဲ့ခနဲဖြစ်သွားသည် ။ အကုသိုလ်အလုပ် လုပ်ဖို့ တော့ တိုက်တွန်းသတဲ့ လား။

"အဲဒါတွေလုပ်ဖို့ ငါဝါသနာ မပါဘူး"

"ဩော်...နင့်ဝါသနာကတော့ ပိုက်ဆံရတယ်ပေါ့ ဟုတ်လား။ ဟွန့်... မပြောလိုက်ချင်ဘူး။ စာအုပ်ဖိုး ဘောပင်ဖိုးကုန်တဲ့ အပြင် ဖယောင်းတိုင်က အဆစ်ပါသေး။ ဒီပုံစံနဲ့ နင့်ကို ငါယူလို့ ကတော့လေ..."

"ဘာဖြစ်လဲ"

"နွားလို ကောက်ရိုးပဲစားရမှာ "

မုတ်သုန် အော်ရယ်ပစ်လိုက်ချင်၏။ ကိုယ့်ချစ်သူ ကို ဒီလောက်နှိမ့်နှိမ့်ချချပြောနေတာ။ ကိုယ့်ကို အားမကိုးထိုက်တဲ့ ယောက်ျားလို့ ပြောနေတာနဲ့ အတူတူပဲ။ စိတ်ထဲမှာ မျက်သွားမိပေမဲ့....

"နင်ကလည်း ငါ့ကို အဲဒီလောက်တောင် အထင်သေးရသလားဟာ"

"အထင်ကြီးစရာမှ မရှိတာ"

"နှင်းနု"

"ဘာလဲ"

"စာပေရဲ့ အရသာကိုသိအောင် နင် စာအုပ်ကောင်း တစ်အုပ်လောက် ဖတ်ကြည့်ပါလား"

"ဘာလုပ်ရမှာ လဲ"

"ဗိုက်မပြည့်ပေမဲ့ ဗဟု သုတတော့ပြည့်မှာ ပါ"

မျက်စောင်းက ချစ်မျက်စောင်းလှလှ မဟုတ်တော့ပေ။ တည်တင်းနေသော မျက်နှာထားနှင့် မလိုတမာထိုက်လိုက်တဲ့ မျက်စောင်း။

"နင့်ကို ငါ နောက်ဆုံးမေးမယ် မုတ်သုန်"

"ဘာလဲ"

"လူတကာ လက်ညှိုးထိုးကဲ့ရဲ့ နေတဲ့ ကြားက နင် အဲဒီစာတွေကိုပဲ ဆက်ရေးနေမလား။ ငါ့ကို အဆက်ဖြတ်မလား။ အဲဒါပဲပြော"

"နှင်းနု"

မုတ်သုန် နှင်းနုပခုံးကို ဆုပ်ကိုင်လိုက်သည် တွင် နှင်းနုက မညှာမ

တာ ပုတ်ချ၏။

"နင် ဘာလို့ ငါ့ဝါသနာကို လက်ညှိုးထိုး အပုပ်ချနေတာလဲ၊ ငါ့အပေါ်ကို သူများ တွေ နားမလည်တာထားတော့၊ နင်နားလည်မပေးနိုင်တာတော့ အခံရအခက်ဆုံးပဲ"

"တစ်ရွာလုံးက နင့်ကိုကဗျာရူး စာရူးဆိုပြီး ကဲ့ရဲ့ နေကြတာလေ။ နင့်ကို ငါယူရင် ငါပါအကဲ့ရဲ့ ခံရမှာ ပေ့ါ"

"ဘာဆိုင်လဲ...ပေါင်းကြမှာ က နင်နဲ့ ငါ။ တစ်ရွာလုံးနဲ့ ပေါင်းရမှာ မှ မဟုတ်တာ။ နင် နားလည် ပေးနိုင်ရင်ပြီးတာပဲ"

"နားလည်မပေးနိုင်ဘူး"

နှင်းနုအသံက မာလာသည် ။ အကြည့်တွေက ထန်ထန်၊ သူ တင်းလို့ ကိုယ်တင်းရမယ်ဆိုရင် မုတ်သုန်ဘဝကို အနုပညာနဲ့ ပဲတည်ဆောက်မည်။ ဒါသူ့ရဲ့ ခံယူချက်။ စာရေးဆရာ မဖြစ်တောင် စာသျှော်ခံနေရရင် သူ့ဘဝတက်လမ်းအတွက် စာပေက လမ်းကောင်းတစ်ခုတော့ ညွှန်ပြနိုင်မည်ဟု ယုံကြည်၏။

လေပြေသာမရှိလျှင် မုတ်သုန် ဒီဘဝမှာ တွယ်ကပ်နေမှ မဟုတ်။ ကိုယ့်ဘဝတက်လမ်းအတွက် ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းခုတ်ထွင်နေလောက်ပြီ။

လေပြေကခေါ်လို့ မရ။ အဖေ့ကို သံယောဇဉ်တွယ်နေသဖြင့် လေပြေ့ကို သံယောဇဉ်တွယ်မိတဲ့ သူပါ ဒီဘဝမှာ အနှစ်မြှုပ်ခံနေရတာ။

"နင်နဲ့ ငါလမ်းခွဲကြတာအကောင်းဆုံးပဲ မုတ်သုန်"

မုတ်သုန် နှုတ်ခမ်းကိုတင်းတင်းစေ့လျက် နှင်းနုကို စေ့စေ့ကြည့်၏။ လမ်းခွဲကြစို့ ပြောနေပြီ။ မုတ်သုန်စိတ်ကို သံပတ်ကုန် တင်းပစ်လိုက်သ

ည် ။ သူ မကြင်လို့ ကိုယ်စိမ်းရလျှင် မြက်ခင်းပေါ်က မြပဝါ၊ အပြစ်မရှိ အပြစ်ရှာပြီး လမ်းခွဲဖို့ ဆိုလာသူကို အပြစ်မရှိဘဲ တောင်းပန်ရလောက်တဲ့ အထိ မုတ်သုန်မပျော့ညံ့။ သည်းခံတတ်တာက တခြား၊ မာနကသပ်သပ်။

"ကောင်းပြီလေ....လမ်းခွဲဖို့ ပြောလာတော့ ခွဲလိုက်ကြရုံပေါ့"

မုတ်သုန် တည်ငြိမ်ပြတ်သားစွာဆိုလိုက်တော့ ဟင့်ခနဲ အသံကြားရပြီး နှင်းနုပြေးထွက်သွားလေသည် ကို လိုက်ချော့ဖို့ ၊ တောင်းပန်ဖို့ လုံးဝမစဉ်းစားတော့။

ဘာကြောင့် လဲဆို နှင်းနုက မုတ်သုန်ရဲ့ ချစ်သူဖြစ်ပေမဲ့ မုတ်သုန်မြတ်တိုးတဲ့ စာပေနဲ့ တော့ ရန်သူတွေ။

***

# အခန်း(၃)

ရေပြာစမ်းနောက်

ကမ်းတစ်လျှောက်မှာ

ပြာပြာအသွေး

ရောင်စဉ်ပေး၍

အလှသွေးကြွ ဖူးငုံစ။

ဟန်ကြွမာန်ချီ

ပြမည်သော်ငြား

ဗေဒါယူမိုက်

နန်းမထိုက်၍

အမိုက်သူထင်…ပန်မဆင်။

ထိုမှ တစ်ဖန်

ရေကလျှံတော့…

ရေလွှာလည်း နောက်

ကမ်းလည်း ပျောက်ခဲ့

ဘယ်စမ်းမှာ ရပ်

ဘယ်ကမ်းကပ်လို့

ဘယ်ကိုစုန်ဆင်း…ဘယ်ပုံခင်း။

မရေမရာ

အဖြေရှာခက်

ဩော်…

ဗေဒါပွင့်ဖူး

သူမခူး၍

ရေပြာစခန်း

သူဆက်လှမ်းရင်း

ကယ်သူဝေးတဲ့ …ပန်းဗေဒါ…ရယ်။

မှတ်သုန်

ကဗျာစာရွက်လေးကိုကိုင်ထားရင်း ကိုသောင်းတင်က မှတ်သုန်မျက်နှာကို ကြည့်သည် ။ တစ်ရွာလုံးမှာ မှတ်သုန်ရဲ့ ဘက်တော်သား ကိုသောင်းတင်နဲ့ ဖိုးလုံးတို့ နှစ်ယောက်တော့ရှိသေးတာ ဝမ်းသာစရာပါ။ ဖိုးလုံးက စာကြီးပေကြီးတွေမဖတ်ပေမဲ့ အချစ်ဝတ္ထုတွေကိုတော့ လှိုင်လှိုင်ဖတ်သူ။ မှတ်သုန်ရေးတဲ့ စာအုပ်တွေကိုလည်း ယူဖတ်ပြီး အကြံဉာဏ်ပေးဖော်လေးတော့ရသား။

"ကဗျာက ကောင်းပါတယ်"

"ဘာက မကောင်းလို့ လဲ"

"အားမာန်သိပ်မပါလို့ ...မင်းက မာန်တွေထားပြီး ပိုကြိုးစားရမယ့်ကောင်လေ"

မုတ်သုန်ရယ်လိုက်ရင်း...

"ဒါက အပေါ်ယံအစိတ်အပိုင်းအတွက် နိမ့်ကျတဲ့ ဘဝ၊ အပါယ်ခံဘဝအတွက်စပ်ခဲ့တာလေ။ ကျွန်တော့်ရင်ဘတ်ထဲက စိတ်ဓာတ်ပိုင်းဆိုင်ရာအတွက်တော့ လာမယ် နောက်တစ်ရွက်"

မုတ်သုန် အင်္ကျီအိတ်ထဲမှ နောက်ထပ်တစ်ရွက် ခေါက်ကလေးကို ထုတ်ယူလိုက်ပြီး....

"စောစောက ကဗျာခေါင်းစဉ်က "ဘဝဗေဒါ" ဒါက "ဘဝနေကြာ" ခေါင်းစဉ်နဲ့ ။

ကိုသောင်းတင်က စာရွက်ခေါက်ကိုဖြန့်လိုက်ပြီး....

ဘဝနေကြာ

အလွမ်းရင့်ရင့်

ပန်းပွင့်နေကြာ

နေထိပူဒဏ်

ကြံ့ကြံ့ခံ၍

နွေရဲ့ ထီးထီး၊

ကွင်းပြင်ကြီးထဲ

ညှိုးကျခွေမှိုင်

ခါးမယိုင်နှင့်

ပင်စည်ဖျားမှာ ...ဝင့်ကြွားနေ၏။

ငါလည်း အားကျ

နှင့်ဘဝကို

တုယှူယှဉ်နှိုင်း

ပင်စည်ကိုင်း၌

သောကဂေဟာန်...မည်သို့ဖန်စေ။

တက်ကျိုးခဲ့ရင်

လက်ထိုးလှော်ခတ်

လောကခံလှိုင်း

မိုးမှန်တိုင်းတွေ၊

မည်သို့မွှေနှောက်

လေပွေကြောင့် လည်း

နောက်တွန့်မဆုတ်....လက်မရပ်သည် ။

မလျှော့ဖွဲ့မာန်

ခါးသန်သန်နဲ့

ဒုက္ခမိုးပြင်း...ငါဖြိုခွင်းမည်။

ကဗျာလေးဆုံးသွားသည် နှင့် ကိုသောင်းတင် မျက်နှာပြုံးသွားလေသည် ။ အပြုံးဆိုတာ သဘောကျ ကျေနပ်ခြင်းရဲ့ ကျက်သရေဆောင်မဟုတ်လား။

"ကောင်းတယ်...ဒီကဗျာက အားမာန်အပြည့်ပါတယ်ကွ။ မင်း ...နေကြာပွင့်လိုပဲ ခံယူချက်ပြင်းရမယ်"

"ဟုတ်တယ် မုတ်သုန်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်တဲ့ ။ ငုပ်လက်စနဲ့ ဆက်သာငုပ်။ တစ်နေ့အဖျား ကို ပြန်ရောက်လာတဲ့ နေ့ဆိုတာ ရှိမှာ ပဲ။ လူဆိုတာ ကိုယ်ဖြစ်ချင်တာကို တစိုက်မတ်မတ်သာလုပ်။ မဖြစ်သေးတာပဲရှိတယ်၊ မဖြစ်နိုင်တာ မရှိဘူး။ ပတ်ဝန်းကျင်က မေးငေါ့ကဲ့ရဲ့တဲ့ စကားလုံးတွေက မင်းအတွက် လှေကားထစ်တွေပဲ။ မခံချင်စိတ်နဲ့ နင်းတက်နိုင်အောင် မင်းကြိုးစားရမယ်။ ငါစာအုပ် တစ်အုပ်ဖတ်ဖူးတယ် ။ မဟူရာ(လွိုင်ကော်)ရဲ့ နွေရနံ့တို့ ဆွတ်ပျံ့စေဆိုတဲ့ စာအုပ်လေ။ အဲဒီအထဲက "ထား" ဆိုတဲ့ အမျိုးသမီးရဲ့ စိတ်ဓာတ်ကို ငါလေးစားတယ်။ အတုလည်း ယူသင့်တယ်ကွ"

ဖိုးလုံးရဲ့ အားတက်သရောပြောနေတဲ့ စကားသံကြောင့် မုတ်သုန် အားတွေတက်လာသည် ။ သူတို့ နဲ့ တွေ့လိုက်ရင် စိတ်ညစ်တာတွေအကုန်ပျောက်ရောပဲ။

"ဆက်ပါဦးကွ"

ဖိုးလုံးက ဆေးလိပ်ကို မီးညှိလိုက်ပြီးမှ ...

"ထားဆိုတဲ့ အမျိုးသမီးက တိုတိုပြောရရင်ကွာ....ချမ်းသာရာကနေ

သူ့အဖေလည်း နောက်မိန်းမယူရော စီးပွားလျှောပြီး ဆင်းရဲသွားတော့ တာပေါ့။ မင်းဘဝနဲ့ တော့ ခပ်ဆင်ဆင်ပဲ။ ဟိုကတော့ကွာ မယားကြီးရှိ လျက်နဲ့ မယားငယ်ကို ဗြောင်အိမ်ပေါ်ခေါ်တင်လာတာ။ အဲဒီမှာ တင် အ မေလည်း ဆုံး စီးပွားလည်း ပျက်"

ဖိုးလုံးပြောပြတဲ့ ဇာတ်လမ်းက စိတ်ဝင်စားစရာ ကောင်းလာသည် မို့ စကားကိုဖြတ်ပြီး ဆေးလိပ်ဖွာနေတဲ့ ဖိုးလုံးကို မုတ်သုန်စိတ်မရှည် တော့။

ထို့ကြောင့် ဖိုးလုံးလက်ထဲမှ ဆေးလိပ်ကိုဆွဲယူပြီး ထိုးခြေကာ မီးသ တ်ပစ်လိုက်တော့...

"ဘာလုပ်တာလဲကွာ"

"ဒီမှာ စိတ်ဝင်စားလာမှ မင်းဆေးလိပ်ကြီးက ရှုပ်ရှုပ်လာလို့ ။ ဇာတ် လမ်းဆုံးမှ သောက် ကုန်ရင်ထပ်ဝယ်ပေးမယ်"

ဆိုမှ ဖိုးလုံးက ဆက်၍ ...

"အဲဒီမှာ တင် ထားက သူ့ဘဝကို ဘယ်လိုပြန်စသလဲဆိုရင် ညီမလုပ် သူကို လက်ဆွဲပြီး အိမ်ကနေထွက်သွားတာ။ ပြီးမှ မုန့်ဟင်းခါးရောင်း တာကနေ ဘဝကို ပြန်စတာ။ သူ တစ်ဆင့် တစ်ဆင့်ကြိုးစားရင်း နော က်ဆုံးတော့ သူဌေးမကြီးပြန်ဖြစ်သွားတာ။ ကြားထဲမှာ ခက်ခက်ခဲခဲ ဘ ဝကို ဖြတ်သန်းခဲ့ရတာတွေရှိတာပေါ့ကွာ။ ကြာတော့ ငါလည်း မေ့နေလို့ ။ အဲ...တစ်ခုရှိသေးတယ်။ ထားဆင်းရဲသွားတော့ သူ့ချစ်သူရဲ့ မိဘတွေ ကလည်း သူတို့ ချစ်သူနှစ်ယောက်ကို သဘောမတူလို့ ကွဲခဲ့ကြသေးတ ယ်။ အသက်လေးဆယ်ကျော်မှ ချမ်းသာလို့ ပြန်ပေါင်းရတယ်ပေါ့ကွာ"

မုတ်သုန် မဲ့ပြုံးလေးပြုံးလိုက်မိ၏။ ကိုယ့်ချစ်သူကျတော့ သူကိုယ်တို

င်ကပင် လမ်းခွဲဖို့ စကားဆိုလာတာ။ ချစ်ခဲ့မိတဲ့ ကိုယ့်နှလုံးသားကိုပဲ ချစ်ရမလားလို့ လည်ပင်း လိမ်ချိုးပြီး ဓားတုံးတုံးနှင့် ကြိတ်လှီးပစ်လိုက်ချင်သည် ။

"ငါကတော့ ကျောခိုင်းပြီးရင် ...ဂျောင်းပဲ"

"အဲဒါကောင်းတယ်။ နှင်းနုက မင်းဘဝကို နှံ့ထဲနှစ်သတ်မယ့်မိန်းကလေး"

ကိုသောင်းတင်ကထောက်ခံတော့ ဖိုးလုံးက...

"ကြားသုံးကြား မဝင်နဲ့ တဲ့ ကိုသောင်းတင်ရဲ့ ။

သူတို့ ပြန်ပြီးအဆင်ပြေသွားရင်..."

"တော်စမ်းပါကွာ...အေးအတူ ပူအမျှမှ လက်တွဲလို့ မရတာကို ရှေ့ဆက်နေရင် ငါပဲစိတ်အနှောင့်အယှက် ဖြစ်နေရဦးမယ်"

မုတ်သုန် ရင်ထဲမှာ ခါးခါးသီးသီးဖြစ်နေပြီ။ နှင်းနုနဲ့ ရှေ့ဆက် လက်တွဲနေရင် ငါးရှာ၊ ကြွက်ထောင်ဖို့ တိုက်တွန်း စကားတွေပဲ ဆက်ကြားနေရဦးမှာ ။ အရာအားလုံးကို မုတ်သုန် အဆုံးသတ်လိုက်တော့မည်။

နားလည်မှု အမြဲလွဲနေသည့် သူနဲ့ ကိုယ်ဟာ ရှေ့ခရီးဆက်ရင်လည်း အလွဲလွဲတွေနဲ့ စိတ်ညစ်ရာတွေပဲဖြစ်လာဖို့ ရှိသည် ။

"ဖိုးလုံးရေ...ဖိုးလုံး"

"ဟော...မင်းအမေခေါ်နေပြီ ဖိုးလုံး"

ဖိုးလုံး မျက်နှာမဲ့သွား၏။

"သားရေ...ဖိုးလုံး"

"ဗျာ...ကျွန်တော်ဒီမှာ အမေ"

သူတို့ ထိုင်နေတာက ရွာထိပ်တံတားပေါ်မှာ မို့ ရွာထိပ်မှ ရပ်ခေါ်လိုက်သော ဖိုးလုံးရဲ့ အမေ တံတားဆီသို့ တိုးလှမ်း လာပြီး…

"မိုးချုပ်နေပြီ ပြန်ခဲ့တော့"

"ဟာ …အမေကလည်း ယောက်ျားလေးပဲ။ မိုးချုပ်တော့ရောဘာဖြစ်လဲ…အချိန်တန်ရင် အိမ်ပြန်လာမှာ ပေါ့"

"ဟဲ့…ဒီနေရာက မြွေပါးကင်းပါးမို့လို့ ပြောတာပေါ့"

"တွေ့လို့ ကိုက်လို့ သေလည်း အေးတာပဲ။ မဟုတ်ရင် သိပ်ချုပ်ချယ်တာပဲ"

"ဟာ…ဖိုးလုံး"

ဖိုးလုံးအော်လွှတ်တော့ ဖိုးလုံးရဲ့ အမေ ဘာမှ ဆက်မပြောဘဲ ပြန်လှည့်သွားသည် ။ မုတ်သုန်တို့ မှာ ဒီလို အချုပ်အချယ်ခံချင်တာတောင် အမေက မရှိ။

မေမေရယ်..

"သားရေ…ဒီနေ့ဟင်းကတော့ မကောင်းဘူး။ ပုဇွန်ဝယ်ပြီး ကြော်ပေးလိုက်မယ်နော်။ အရိုး အာခေါင်မထောက်အောင် မေမေ အမြီးလေးတွေ ဖြုတ်ပေးမယ်"

ဆိုတာတွေ…

"ကုန်းကော့ရေမွှေးက အနံ့စူးပါတယ် သားရယ်။ အသည်းနှစ်ထပ်ဝယ်သုံးပါလား။ သင်းသင်းလေး။ ဒီတစ်ခါ မေမေဈေးသွားရင် ဝယ်လာခဲ့မယ်နော်"

ဆိုတာကတစ်မျိုး…

"ဆံပင်ကို အလယ်က မခွဲကောင်းဘူး သားရဲ့ ။ မိတစ်ကွဲဖတစ်ကွဲ နေရတတ်တယ်။ ဘေးလေးကို နည်းနည်းရွှေ့ခွဲဖြီး ....ကြားလား"

ဆိုတာကတစ်ဖုံ....

ချိုသာသောလေသံအေးနှင့် သားကိုဆိုဆုံးမခဲ့တဲ့ မေမေ့ရဲ့ အသံလေးကို ဘယ်အရပ်ဌာနေမှာ သွားပြီး စူးစမ်းရှာဖွေရမလဲ မေမေရယ်။ သိပ္ပံပညာရှင်တွေလိုသာ ထူးဆန်းသည့် အရာတွေကို ရှာဖွေနိုင်စွမ်းအားရှိရင် သားလေ မေမေ့ရဲ့ ဝိဉာဉ်ကိုရှာဖွေပြီး စိန်စီထားချင်တယ် မေမေ။ နောင်တဆိုတာ နောင်မှ တလို့ ကောင်းတဲ့ စိတ္တဇနာမ်သက်သက်ပါ ။ မေမေမရှိကတည်းက သားဘဝဟာ နေရာမကျ ကသီနင်ထနိုင်လွန်းလှပါတယ် မေမေရယ်။

ရှိနေတုန်းကတော့ မေမေ့ရဲ့ မေတ္တာတွေကို သား တန်ဖိုးမထားတတ်ခဲ့ဘူး မေမေ။ အခုမှ မေမေ မဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ ဆူပူကြိမ်းမောင်းသံတွေကြားမှာ မေမေရဲ့ မေတ္တာတွေကို တန်ဖိုးထားရကောင်းမှန်း သားသိနေပြီမေမေ။

မေမေ့ကို လွမ်းလို့ ကဗျာတွေစပ်၊ စိတ်ညစ်လို့ ဝတ္ထုရေးတော့ သားကို အရူးလို့ ပြောကြတယ်။ သားဆွဲတဲ့ ပန်းချီပုံလေးတွေကြည့်ပြီး ပြုံးနေတတ်တဲ့ မေမေရဲ့ မျက်နှာက ကမ္ဘာပေါ်မှာ အထိန်လင်းဆုံးလမင်းပါ။

လ ယ ်လ ု ပ ်ခ ျိန ်မ ှ ာ လယ်ထဲဆင်း ပိုက်ဆံလေးလိုလို့ အပြင်ထွက်လုပ်ကြည့် အဆူခံရပြီ။ ဒီတော့ အိမ်လယ်ပြီးလို့ သူများ လ ယ ်တော ွမ ှ ာ လိုက်လုပ်ပေးရသည် ဆို ပျိုး (၁၀၀) လောက်ရအောင်နုတ်ပြီး အိမ်ကို ၅၀ ဖိုး၊ ၆၀ ဖိုး လောက်ပဲ ပြောပြီး ပေးရသည် ။

ကောက်ရိတ်ချိန်ဆိုလည်း သုံးကွက်လောက်ကျအောင်ရိတ်ပြီး နှစ်ကွက်ရသည် ညာရ၏။ သူများ ထက်ပိုရအောင် လုပ်ပြီး သူများ နှင့် တန်းတူ အိမ်ကိုပေးနိုင်ဖို့ ကြိုးစားရတာ ဘယ်လောက်ပင်ပန်းသလဲ။ ပါးစပ်က ပြောလိုက်ရင်တော့ လူကြားကောင်းဘုရားရှစ်ခိုး။ မုတ်သုန်ကပဲ အပျင်းထူပြီး ထိုင်စားနေသလိုလို။

ဒီကြားထဲ စာအုပ်ဖိုး၊ ဖယောင်းတိုင်ဖိုးဆိုတာတွေ ကပါသေး။ တကယ်တမ်းမှာ က မုတ်သုန်ကိုယ်စုထားတဲ့ ပိုက်ဆံလေးနဲ့ ကိုယ်ဝယ်ရတာ။ ပြောရရင် နေမကောင်းဖြစ်တောင် သူတို့ တိုက်တဲ့ ဆေးတွေက ပါတာစီ တမော့နဲ့ နိဘာဂျင်ကနေ ကိုးမတက်။

ဒီတော့ ကိုယ်ကပဲ ရောဂါဝေဒနာကို မခံစားနိုင်လို့ ကိုယ်စုထားတဲ့ ပိုက်ဆံလေးနဲ့ ဆေးခန်းသွား၊ ပိုက်ဆံမရှိတော့ သူငယ်ချင်းတွေဆီမှာ ချေးရသည် ။ နေကောင်းတော့မှ ပြန်ရှာဆပ်။ မုတ်သုန်ရဲ့ ဘဝဇာတ်ခုံကြီးက လုံးလည်ချပ်ပြားနှင့် ပါပဲ။

"ကဲ…မိုးလည်း ချုပ်ပြီ ပြန်ကြမယ်ကွာ"

ကိုသောင်းတင် ဆော်သြလိုက်မှ ပဲ သူတို့ တံတားလေးဆီမှ ထွက်လာခဲ့ကြသည် ။ မေမေရယ်..မေမေ့ရဲ့ မေတ္တာလေပြည်တွေနဲ့ တမလွန်ကနေမှန်းဆပြီး သားဘဝထဲက ဒုက္ခတွေကို ဖယ်ရှားပေးပါနော်။

***

## အခန်း(၄)

"မစားဘူး…မစားဘူး"

"ဝုန်း"

"ဒုန်း"

"ခွလန်း"

အားလုံးကိုတွန်းချလိုက်သဖြင့် ပန်းကန်တွေက စားပွဲပေါ်မှ ပြုတ်ကျပြီး ကစဥ့်ကလျားဖြစ်ကုန်၏။

"ဒီလိုမလုပ်ရဘူးလေ ကလေးရဲ့ "

"လုပ်မှာ ပဲ"

"ကလေးထမင်းစားမှ ကျန်းမာလာမှာ ပေါ့။ ကြီးကြီးရွှေ အသစ်ထည့်ပေးမယ်နော်"

"မထည့်နဲ့ မစားဘူး။ ဒီဟင်းကြီး မစားချင်ဘူး"

"နှုတ်ခွန်းချို"

"အမလေး …ကြီးကြီးရဲ့ "

နှုတ်ခွန်းချို …ဟု စူးစူးဝါးဝါး ခေါ်လိုက်သံနှင့် အတူ တံခါးဝမှာ ခါးကြီးထောက်လျက် ပေါ်လာသော ဒေါ်ဘေဘီထွန်းကို မြင်လိုက်ရ

တော့ နှုတ်ခွန်းချို၊ ဒေါ်ခင်ရွှေ၏ ခါးကို ပြေးဖက်လေတော့သည် ။ ဒေါ်ဘောဘီထွန်း မျက်လုံးနီနီကြီးနှင့် ခွန်းချိုကို ကြည့်ပြီး တစ်လှမ်းချင်းတိုးလာကာ…

"ဘာကိုဂျီကျနေတာလဲ"

"…."

"အဲဒါတွေ အခုပြန်ကောက်စမ်း"

ဒေါ်ခင်ရွှေ ခွန်းချိုလေးကို ပြန်ဖက်ထားရာမှ လူချင်းခွာပြီး ပန်းကန်တွေကို ငုံ့ကောက်လေလျှင်….

"မခင်ရွှေ"

"ရှင်"

"ဒါတွေကို သူ့ဘာသာသူကောက်လိမ့်မယ်။ ဟဲ့…

နှုတ်ခွန်းချို …လာကောက်စမ်း"

"ဟုတ်"

ခွန်းချို သူမလွှင့်ပစ်ထားသော ပန်းကန်တွေကို ပြန်ကောက်နေပုံမှာ လက်ကလေးတွေ တဆတ်ဆတ်တုန်နေသဖြင့် ဒေါ်ခင်ရွှေမှာ စိတ်မကောင်းနိုင်။

"ဒါတွေ အလကားရတာလို့ များ နင် ထင်နေသလား"

ခွန်းချို တုန်တာတွေပျောက်ပြီး ဆတ်ခနဲထ၍ ခါးထောက်ရပ်လိုက်ကာ…

"ပိုက်ဆံမှ မပေးရတာ။ အလကားပေါ့"

"ဘာ"

"ဒီဟင်းတွေနဲ့ ငါမစားချင်လို့ လွှင့်ပစ်တာ ဘာဖြစ်လဲ။ မပူရရေး ပူရရေး ကြောင်မလေး ရေချိုးပေးမနေနဲ့ "

"အမယ်...ညည်းက ဘာဟင်းနဲ့ စားချင်လို့ လဲ"

တစ်ဖက်လှည့်ပြီး မဲ့ရွဲ့နေသော ခွန်းချို ဒေါ်ဘေဘီထွန်းကို ဆတ်ခနဲ လှည့်ကြည့်ပြီး...

"ငါစားချင်တာက ဒဂုံစင်တာမှာ ရှိတဲ့ ဝက်ဝံသား။

ဟီး...ဟီ...အရမ်းစားလို့ ကောင်းမှာ ....ဟီ...ဟိ"

ဒေါ်ဘေဘီထွန်း လက်ရွယ်လိုက်သည် နှင့် ဒေါ်ခင်ရွှေခွန်းချိုရှေ့မှာ ကာရပ်လိုက်သည် ။

"ကလေးကို မရိုက်ပါနဲ့ မဘေဘီ။ ကလေးကို ထိရင်တော့ ကျွန်မတို့ ငြိမ်ခံနေမှာ မဟုတ်ဘူး "

ဒေါ်ခင်ရွှေ အပြတ်ပြောပစ်လိုက်သည် ။ ဒီကလေးက သူမတို့ လက်ပေါ်မှာ ကြီးလာခဲ့သူလေးမို့ ကိုယ့်သမီးလေးလို ချစ်သည် ဆိုတာထက် ရှေ့နေကြီး ဦးဝင်းမောင်၏ ညွှန်ကြားချက်အရ သူတို့ လင်မယား ဒီကလေးကို အရိပ်လိုကြည့်ပြီး စောင့်ရှောက်ရမည့် တာဝန်ရှိသည် ။

ဆရာကြီးက သူသေခါနီးမှာ သူ့သမီးလေးကို စောင့်ရှောက်ဖို့ တဖွဖွမှာ သည် ။ ကလေးအတွက် လွှဲပေးခဲ့တဲ့ အမွေတွေက မနည်းမနော။ ဒါကို ဒေါ်ဘေဘီထွန်းက မကျေနပ်ပေ။ တကယ်ဆိုရင် ဇနီးနဲ့ သမီးကို တစ်ယောက် တစ်ဝက် အညီအမျှခွဲပေးတာကို ဘေဘီက ရောင့်ရဲပုံမရ။ ကလေးရဲ့ အမွေတွေက ဘာတစ်ခုမှ မချို့ယွင်းရအောင် ရှေ့နေကြီးက ထိန်းသိမ်းပေးထားသည် ။ ကလေးရဲ့ စားရေး အတွက်ကတော့ ဘေဘီ

တာဝန်ယူပေ့ါ။

သူမ ဒီအိမ်ကြီးကို တက်လာခဲ့တုန်းက ကလေးတစ်ယောက်ကို လက်ဆွဲလာသည် မှ အပ ဘာမှ ပါခဲ့တာမဟုတ်။ ခုကျမှ ဆီးသီးသည် မဖျိုင်းလို ဘဝမေ့နေတာ။ ဒေါ်ခင်ရွှေတို့ လင်မယားက ကလေးအမေလက်ထက်ကတည်းက လူယုံတော်တွေမို့ ဘေဘီ တွန်းလှန်လို့ မရ။ ရှေ့နေတွေကလည်း သူတို့ လင်မယားကို ဘာအကြောင်းနှင့် မှ အလုပ်မထုတ်ရဘူးတဲ့ ။

အိမ်ကြီးက ခွန်းချိုပိုင်တာမို့အဖြစ်က အိမ်ရှင်ကိုညှော့မောင်း၊ ယာရှင်ကို မျောက်မောင်းအဖြစ်မျိုးလေ။ ခွန်းချိုလေးက သူ့အဖေနှင့် အတူတူကားအက်ဆီးဒင့်ဖြစ်ပြီး ခေါင်းကိုထိခိုက်သွားသည့် အပြင် အဖေလုပ်သူက တစ်ခါဆုံးတော့ အရွယ်နဲ့ ဝေဒနာမမျှလို့ စိတ်မနှံ့ရှာသူလေး ဖြစ်သွားရရှာ၏။

"တောက်"

"အရှင် ဘုန်းကြီး ကျွန် ဓားပြီး၊ အရှင်သုံးဓားမတုံးထက်ဆိုတာ ဒါမျိုးပဲ"

ဒေါ်ဘေဘီထွန်း ခြေဆောင့်ကာ လှည့်ထွက်သွားလေတော့....

"ဟွန်း ...ဘီးလူးမကြီး တွေ့မယ်။ ငါလည်း ဘီလူးမျက်နှာဖုံး ဝယ်တပ်ပြီးမှ ဘီးလူးလုပ်ပြမယ်"

"ကဲပါ ကလေးရယ်...လာ ...ထမင်းစားရအောင်နော်"

"ဟမ်....ဝက်ဝံသားမပါရင် မစားဘူးနော်။ ဝက်ဝံသားမပါရင် မစားဘူး"

ခွန်းချို အာခေါင်ခြစ်၍ အော်လေ၏။

"မအောင်နဲ့ လေ ကလေးရဲ့ ။ ဘေးအိမ်ကလူတွေကြားရင် ရှက်စရာကြီး"

"ဘာကို ရှက်ရမှာ လဲ။ မရှက်ဘူး...ဝက်ဝံသားနဲ့ ထမင်းမကျွေးရင် အဲဒီအိမ်တွေမှာ လိုက်အော်ပစ်မယ်"

"ခက်တာပဲကွယ်။ ကဲ....ကြီးကြီးရွှေ ကလေးကို ဝက်ဝံသားနဲ့ ထမင်းကျွေးမယ်နော်"

"တကယ်....တကယ်"

"ဟေး...ဝက်ဝံသားစားရတော့မယ်ကွ"

ခွန်းချိုက လက်ခုပ်တီး၍ ထခုန်လေသည် ။ ဘောင်းဘီနှင့် မို့ တော် ပေတော့သည် ။ လုံချည်နဲ့ သာဆို ပြုတ်ကျမှ ဒုက္ခ။ ဒေါ်ခင်ရွှေ အမဲနှပ် တွေကိုသာခပ်၍ ဝက်ဝံသားဟု ညာကျွေးရသည် ။

"ဟင်း...စောစောကအမဲနှပ်ဆိုတာလည်း ဒီအရောင်ပဲ။ ဝက်ဝံသား ကလည်း ဒီအရောင်ဒီအနံ့ပါပဲလား"

" မဟုတ်ဘူး လေ ကလေးရဲ့ ။ ဝက်ဝံ၊ ဂျီ၊ ဆတ်၊ ဒရယ်၊ တောဝက် အဲဒီလိုအသားမှန်သမျှကို အမဲလို့ ခေါ်ကြတာလေ။ အဲဒါကြောင့် ... အဲဒါကြောင့် အဟင်း ...ဟင်း"

"ဒါဆို အမဲနှပ်ဆိုတာ ဝက်ဝံသားကိုခေါ်တာပေါ့"

"ဟုတ်တယ် ...ဟုတ်တယ်"

"ဟေး"

ခွန်ချို ဟေးခနဲထအော်ပြန်၏။ ပြီးတော့ ထမင်းကို ဟင်းတွေထဲ့ပြီး လက်နှင့် ဖျစ်နယ်နေပြန်၏။ စားပြန်တော့ ပလုတ်ပလောင်းနှင့် လည်

ချောင်းပင်နင်လုမတတ်။

"အို…ကလေး နင်နေပါ့မယ်။ ဖြည်းဖြည်းစား"

ဒေါ်ခင်ရွှေက ထမင်းတွေပေကျံသွားတဲ့ ခွန်းချိုရဲ့ ပါးတွေ၊ နှုတ်ခမ်းတွေကို တယုတယနှင့် သုတ်ပေးပြန်တော့…

"ဟာ….ဘာလုပ်တာလဲ။ သူ့လက်ကြီးက ညစ်ညစ်ပတ်ပတ်နဲ့ ဖယ်စမ်းပါ"

"ပေကုန်လို့ လေ ကလေးရဲ့ "

"ပေပစေ…ငါ့မှာ လက်နဲ့ "

ပြောပြီး ဒေါ်ခင်ရွှေလက်ကိုပုတ်ချကာ သူ့လက်မောင်းနှင့် ပြန်သုတ်တာကိုပဲ ဒေါ်ခင်ရွှေကြည့်နေလိုက်၏။

"ဟွဲ့"

"ဟင်….ဘာလဲကလေး"

"နင် ငါ့ခေါ်တာကို ဘယ်လိုထူးတာလဲ။ ပြန်ထူးစမ်း"

"ဟောတော့"

ဖြစ်သွားပြန်ပြီတစ်မျိုး။

"ဒီအိမ်မှာ သခင်မက ဘယ်သူလဲ"

ဒေါ်ခင်ရွှေ ကြောင်တောင်တောင်ဖြစ်သွားပြီးမှ …

"ဟို…ကလေး …ကလေးက သခင်မလေ"

"ဒါဆို သခင်မလို့ ခေါ်လေ။ ဘာလို့ ကလေးကလေးနဲ့ ခေါ်နေတာလဲ
"

"ဩော်...အေး...သခင်မလေးရေ သောက်လိုက်ဦးနော်"

ဒေါ်ခင်ရွှေက အဲဒီလို ဂရုစိုက်ရသူ။ တစ်ခါတလေ စိတ်မထင်ရင် မထင်သလို တွေ့ရာကြုံရာလွှင့်ပစ်၊ ကိုင်ပေါက်လုပ်တတ်ပြီး တစ်ခါတစ်ခါကျတော့ လူကောင်းတစ်ယောက်လို စကားကောင်းတွေ ပြောတတ်ပြန်သည် ။

အရင်တုန်းက အင်မတန်မှ နူးညံ့သိမ်မွေ့တဲ့ ကလေးပါ။ ဖအေကို ချစ်လိုက်တာလည်း တုန်လို့ ။ ဖအေ သေဆုံးသွားခြင်းသည် ခွန်းချိုရဲ့ ကမ္ဘာလေးပြိုပျက်သွားတာ ပါပဲ။ မိဘမဲ့တစ်ကောင်ကြွက်ကလေး ဖြစ်ရသည့် အပြင် စိတ်ကပါ ဖောက်ပြန်နေတော့ ဒေါ်ဘေဘီအတွက် လိုတိုင်းတ ရစေဆိုတဲ့ စိုးမိုးခြယ်လှယ်ခွင့်ရသည် ပေါ့။

တစ်အိမ်လုံး သူ့ဩဇာ၊ သူ့အာဏာချည်းပါပဲ။

"ရင်မှာ ခံစား ××× သူမမြင်နိုင် ××× အသည်းထဲက ××× အတွင်းကြေ ××× အူးဝူး ...အား"

ရုတ်တရက်ထအော်လိုက်တဲ့ စူးစူးဝါးဝါး အသံကြောင့် ဒေါ်ခင်ရွှေ လန့်ဖျပ်ပြီးရင်ဘတ်ကို ဖိလိုက်မိသည် ။ ပြီးမှ မျက်လုံးကိုမှိတ်ပြီး သက်ပြင်းချလိုက်မိ၏။

တံမြက်စည်းကိုဆွဲယူပြီး ဂစ်တာလုပ်တီးကာ သီချင်းအော်ဆိုလိုက်တာကိုး။

"ကိုကြီးကျော်...ကိုကြီးကျော်...ထူးလည်း ထူးတယ် ...မူးလည်း မူးတယ်...တို့ ကိုကြီးကျော်၊ ဟေ့ တို့ ဖေဖေကျော်"

သီချင်းပြောင်းသွားပြန်ပြီ။

"ဟေ့...သမီးတော်ကြီး"

"ရှင်"

"ဘာ…ရှင်လဲ…ဘာ…ရှင်လဲ…ဘုရားလို့ ထူးရမှာ "

"အင်း…အင်း…ထူးမယ်"

ဒေါ်ခင်ရွှေမှာ အယောင်ယောင်အမှားမှား ဖြစ်ကုန်ရှာ၏။

"သမီးတော်ကြီး"

"ဘုရား"

"အဖေ့ကို ညည်းသောက်တဲ့ ဖက်ဆေးလိပ်နဲ့ လက်ဖက်သုပ်ဆက်သ စမ်းဟေ့"

ဒေါ်ခင်ရွှေ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်လိုက်ရ၏။ ဆိုတော့ ကိုကြီးကျော် ဝင်လာတော့ အမေကြမ်း။ မျက်လုံးကို မှိတ်၍ ခေါင်းတုန် ဟန်လုပ်နေသော ခွန်ချိုလေး ကိုကြည့်ပြီး ရင်ထဲမှာ နင့်သွားရသည် ။ သူ့ခမာ ...

စိတ်မနှံ့ရှာလို့ သာ အော်ချင်ရာ စွပ်အော်နေတော့တာပေါ့။ ဒေါ်ခင် ရွှေ သူမလေးစိတ်ချမ်းသာအောင် ဖက်ဆေးလိပ်ကြီးကို မီးညှိပေးလိုက် ကာ….

"အမေ…ဒီမှာ ဆေးလိပ်"

"ဘာ အမေလဲ။ အဖေကြီးပါဟဲ့"

"ဟုတ်ပါပြီ အဖေကြီးရယ်။ ရော့ …ဆေးလိပ်"

ခွန်ချို ဆေးလိပ်ကိုယူပြီး တအားရှိုက်ဖွာလိုက်တော့…

"အဟွတ်…အဟွတ်…အမယ်လေး မွန်လိုက်တာ။ ညည်းဆေးလိပ်ကြီးက သင်္ဂြိုဟ်စက်က စက်ခေါင်းတိုင်ကြီးကျနေတာပဲ

...ရော့...ရော့"

ဒီတစ်ခါတော့ မအောင့်နိုင်ဘဲ ဒေါ်ခင်ရွှေရယ်လိုက်မိသည် ။ အခုမှ ကိုယ်ပါလိုက်ရှူးနေရတဲ့ ဘဝပါလား။

"ဘာရယ်တာလဲ။ လက်ဖက်သုပ်ဆက်စမ်းဟော့"

"အို...ကလေး လက်ဖက်သုတ်စားလို့ မဖြစ်ဘူးလေ"

ခွန်းချိုမျက်လုံးကိုဖွင့်၍ ဒေါ်ခင်ရွှေကို မျက်မှောင်ကြုတ် ကြည့်လိုက်ကာ...

"လက်ဖက်သုပ်စားလို့ မဖြစ်ဘူး...ဟုတ်လား"

"ဟုတ်တယ်...မစားရဘူး"

"ဘာဖြစ်လို့ မစားရတာလဲ"

"ကလေး ....ဟိုဒင်း ဟိုဟာ နီးနေပြီလေ"

"ဘာလဲ ဟိုဒင်း ဟိုဟာဆိုတာ"

"အဲဒါ"

ဒေါ်ခင်ရွှေ ခွန်းချိုရဲ့ နားနားကို တိုးတိုးလေးကပ်ပြောတော့ ခွန်ချို တွန့်လိမ်ကာ....

"နားယားလိုက်တာ ဘာတွေပြောမှန်းလဲမသိဘူး။ တော်ပြီ မကျွေချင်နေ မစားတော့ဘူး...သွား...သွား"

ဒေါ်ခင်ရွှေ ရယ်ရမလို ငိုရမလိုနှင့် နောက်ဆုတ်လိုက်၏။ သွားဆိုရင် သွားမှ ၊ လာဆိုရင်လာမှ ၊ မဟုတ်ရင် အသံပြဲကြီးနှင့် အော်ငိုတတ်တဲ့ အခါတွေရှိလေတော့ သခင်မ အလိုကျပေါ့။ ဝဋ်ကြွေးတွေ ကျေပါစေတော့ ကလေးရယ်။ လူနဲ့ အပူ ဘယ်လိုမှ တန်းညှိလို့ မရတဲ့ လောကရဲ့ ပင်လ

ယ်ကြီးထဲမှာ ကံကြမ္မာ မုန်တိုင်းတွေရပ်စဲလို့ သောကလှိုင်းလုံးတွေ ငြိမ်သက်ကာ ကလေးရဲ့ ဘဝလေး တည်ငြိမ်တဲ့ ကန်ရေပြင်ကြည်လေး အမြန်ဆုံးပြန်ဖြစ်ပါစေကွယ်။

***

အခန်း(၅)

"ညီ"

"ဗျာ"

"မိုးချုပ်တော့မယ်ကွာ။ ဒီနေ့မသွားပါနဲ့ လား"

မုတ်သုန်စိတ်ထဲမှာ လေးဖင့်ဖင့်ကြီး ရှိနေတာမို့ ကြွက်လည်ညှပ်တွေကို ထမ်းပိုးမှာ လွှိုထမ်းလိုက်သော ညီဖြစ်သူ လေပြေကို တားဆီးလိုက်ခြင်းပါ။ ဒီအချိန်က စပါးရိတ်သိမ်းချိန်ရောက်ပြီမို့ ကြွက်တွေ လယ်ထဲမှာ ပေါသလိုလို၊ ဟိုအကောင်တွေကလည်း ကျက်စားတတ်၏။

ကြွက်ဆိုတာ သူတို့ ရဲ့ အစာလေ။

"ညီ သွားနေကျလမ်းတွေပါ ကိုကိုရာ။ ဘာမှ စိတ်မပူပါနဲ့ ။ ကိုကို့ညီရဲ့ မျက်လုံးကိုကြည့်၊ လျင်ပါတယ်ဗျာ။ ကောင်းကင်မှာ ပျံတဲ့ ငှက်တောင် လေးသီးနဲ့ မှန်အောင် ပစ်နိုင်တဲ့ မျက်စိပါ"

"ကိုယ်လည်း မရှာဘဲနဲ့ ရှာနေတဲ့ သူကိုပဲ တားနေသေး။ ထမင်းပွဲရောက်ရင် သူက တစ်ဖြုန်စ်ဖြုနဲ့ ပိုတောင် စားသေးတယ်။ ဂရုစိုက်မနေနဲ့ ကိုယ့်လမ်းကိုယ်သွား"

မီးဖိုချောင်ထဲက ထွက်လာရင်း ဒေါ်ထွေးကြည် ပြောလိုက်တဲ့ အသံ။ ဒီကြားထဲ သံမြှောင်ကပါသေး။

"သူ့ညီကျတော့ စိုးရိမ်လိုက်တာ။ ဒီကကောင် တွေကျတော့ သွားချင် ရာသွား၊ လာချင်ရာလာဆိုတဲ့ သဘော။ တော်တော်လည်း တရားကျဖို့ ကောင်းပါရဲ့ "

ပြောလိုက်တာက ဒေါ်ထွေးကြည်ရဲ့ သားအကြီးကောင်။ မုတ်သုန် တစ်ချက်သာ ငဲ့ကြည့်လိုက်ပြီး....

"မင်းတို့ က မင်းတို့ မှာ စိုးရိမ်ပူပန်ပေမဲ့ အမေ တစ်ယောက်လုံး ရှိ နေတာပဲ။ ငါ စိတ်ပူလို့ ပြောတော့ရော ငါ့စကားကို မင်းတို့ နားထောင်မှာ မို့လို့ လား။ ငါ့ညီက စိုးရိမ်ပေးမဲ့ သူဆိုလို့ ငါတစ်ယောက် ပဲရှိတာ"

"ဟဲ့...နင့်အဖေတစ်ယောက်လုံး ငုတ်တုတ်ကြီး ရှိနေတာပဲလေ"

မုတ်သုန် မဲ့ပစ်လိုက်မိ၏။ အဖေ ရှိတော့ရော အသက်ရှူနေလို့ သာ ပေါ့။ မဟုတ်ရင် လူသေကောင်အတိုင်းပဲ။ မိန်းမ ပြောသမျှကိုသာ ပုတ် သင်ညိုလို့ ခေါင်းညိတ်နေတာ။ သားတွေကိုကျတော့ အကောင်းမမြင် မျက်လုံးနဲ့ အမြဲကြည့်နေသူ။

မိန်းမရဲ့ ဆူပူကြိမ်းမောင်းသံတွေကြားမှာ သူက ဖျန်ဖြေမပေးတဲ့ အပြင် ပဲလျော်ကြား ဆားညပ်တာတွေက ရှိသေး။

"မင်းတို့ လုပ်ပုံကိုက မဟုတ်တာ။ ဟိုက ပြောလည်း ပြောစရာ"

ဆိုတာမျိုးတွေ။ ပြန်ပြောရင် သံယောဇဉ်မဟုတ်တဲ့ အမျှင်တန်းတွေ ရှည်ဦးမည်မို့ မုတ်သုန် ကိုယ့်ညီကိုသာ...

"မင်းသွားမယ်ဆိုရင်လည်း ဘွတ်ဖိနပ်စီးသွားညီ"

"စီးသွားလို့ မရဘူး။ ကျွန်တော် ဟိုဘက်ရွာကို ခုပဲသွားမလို့ ။ အဲဒီဖိ နပ်ကို စီးသွားမှာ "

မုတ်သုန် ဘာမှ မပြောတော့သလို လေပြေကလည်း ကြွက်လည်ညှ ပ်တွေကို ကောက်ထမ်းပြီး၊ ခြေထောက်ကလေး ဆတ ဆတနှင့် ထွက် သွားလေသည် ။

ဘာကိုများ သံယောဇဉ်တွယ်နေရတာလဲ ညီရယ်။

ညီသာလိုက်မယ်ဆိုရင် မုတ်သုန် ရန်ကုန်တက်ပြီး အလုပ်လုပ်ချင်သ ည် ။ တစ်ရွာမပြောင်း သူကောင်းမဖြစ်၊ သေချင်တဲ့ ကျား တောပြောင်း၊ ဘယ်စကားပုံနဲ့ ပဲ ငြိစွန်း ငြိစွန်း ဒီအိမ်က လူတွေနဲ့ လွတ်ကင်းရင်ပြီး ရောပဲ။ မုတ်သုန်က ယောကျ်ားလေးပဲလေ။

အကုသိုလ်ကင်းကင်းနဲ့ ရိုးရိုးသားသား လုပ်ကိုင်စားရမည်ဆိုလျှင် ဘာအလုပ်ပဲဖြစ်ဖြစ် မုတ်သုန် လုပ်နိုင်ပါသည် ။ နေဝင်လာလို့ အားလုံး ညစာ ထမင်းစားကြတော့...

"ဟော့ကောင် မုတ်သုန်...ထမင်းစားဖို့ လေ။ ဘာလဲ မင်းပါးစပ်ကိုဖြဲပြီး ခွံကျွေးရဦးမှာ လား"

"အဖေတို့ ပဲ စားနှင့် ပါ။ ကျွန်တော် ညီကို စောင့်ဦးမယ်"

"စားဖို့ ရှိ စားတာ မဟုတ်ဘူး ။ ဝမ်းချင်းဆုံတာလည်း မဟုတ်ဘဲနဲ့ "

"ဝမ်းချင်းမဆုံပေမဲ့ လက်ချင်းတော့ ဆုံတာပေါ့ အဖေရဲ့ "

"သူ မစားချင်သေးလို့ မစားတဲ့ ဟာကို ရှင်ကလည်း ကိုယ်စားဖို့ ရှိ တာ စားစမ်းပါ"

သူများ တွေ ထမင်းစားသံ ဆူဆူညံညံက မုတ်သုန် နားထဲကို မတိုး။ ညီ့ကို သူစိတ်ပူနေမိသည် လေ။ ဒီအိမ်မှာ ထမင်းဝိုင်းဆိုလျှင် သူများ အိ မ်တွေလို အေးအေးချမ်းချမ်း၊ ငြိမ်ငြိမ်သက်သက်နှင့် စားကြတာ မဟုတ် ပေ။

စကားများ လွန်းကြလို့ အရက်ဝိုင်းနှင့် သာတူ၏။ နားငြီးလို့ တစ်ဝိုင်းတည်းမစားဘဲ၊ ကိုယ်က စောစားကြည့် ကိုယ်ကပဲ ထမင်းဟင်း တွေကို ပိုစားသလိုလိုဖြစ်အောင် ပြောသည် ။ နောက်ကျစားပြန်တော့ သူတို့ စားကြွင်း စားကျန်တွေကိုပဲ စားရသည် လေ။

ကဲ…ဘယ်နေရာမှာ များ ကိုယ်က သူတို့ နဲ့ အခွင့်အရေး တန်းတူရှိ သလဲ။ မုတ်သုန် ဘုရားရှိခိုးတိုင်း ဆုတောင်းမိပါ၏။ နောင်ဘဝဆိုတာရှိ ခဲ့ဦးမည်ဆိုလျှင် ဒီဘဝမျိုးနဲ့ ထပ်ကြုံရမည်ဆိုပါက ကိုယ်က အမေဘက် ကပါတဲ့ သား၊ သမီးပဲ ဖြစ်ပါရစေလို့ ။

"မုတ်သုန် …မုတ်သုန်"

"ဟင်"

"မုတ်သုန်"

မုတ်သုန် အိမ်ပေါက်ဝလေးမှာ တံခါးဘောင်ကို မှီထိုင်နေရာမှ ထရပ်လိုက်သည် ။ ခြံထဲသို့ ပြေးဝင်လာတာ ရွာလယ်က သံချောင်းပါလား။

"မုတ်သုန်"

"ဟ…သံချောင်း ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲ"

"လေပြေ…လေပြေ…ဟို"

"လေပြေ ဘာဖြစ်လို့ လဲ"

"လေပြေ…ပိုး…ပိုးထိ"

"ဘာ"

မုတ်သုန် လွှားခနဲ ခုန်ဆင်း၍ ပြေးထွက်ခဲ့သည် ။ ခြေလှမ်းတွေ ဘယ်လိုလှမ်းလာခဲ့မိမှန်းမသိ။

"ညီလေး…လေပြေ"

ခွေခွေကလေး လဲကျနေသော လေပြေကို မုတ်သုန် ပြေးပွေ့လိုက်၏ ။

"ညီလေး…ညီလေး"

သံချောင်းက လေပြေ ရင်ဘတ်ပေါ်သို့ နားကပ်ထောင်ကြည့်လိုက်ပြီး…

"ဟာ"

မုတ်သုန် အကြည့်တွေက မျှော်လင့်ခြင်းများ စွာ နှင့် ပေမဲ့…

"လေပြေ အသက်မရှိတော့ဘူး မုတ်သုန်"

မုတ်သုန် ကြက်သေ သေသွားပြီးမှ ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီး ကျလာကာ…

"ညီလေး"

"ညီလေး"

***

# အခန်း (၆)

ညီ မရှိတော့ဘူးဆိုတော့ မုတ်သုန်မှာ တွယ်စရာ သံယောဇဉ်မရှိတော့။ ဘယ်သူ့ကို ခင်တွယ်နေရ ဦးမှာ လဲ။ သေရင်မြေကြီး ရှင်ရင်ရွှေ ထီးပဲ၊ မုတ်သုန် ရန်ကုန်သို့ စွန့်စားကာ ထွက်လာခဲ့၏။ ကားပေါ်က ဆင်းလိုက်သည် နှင့် ...

"ညီလေး...တက္ကစီ စီးမလား။ လျှော့လျှော့ ပေါ့ပေါ့နဲ့ ပို့ပေးမယ်"

မုတ်သုန် ဘာမှ ပြန်မပြောဘဲ ရှေ့ဆက်လျှောက်လာခဲ့စဉ်...

"တက္ကစီ ငှားမလား၊ ဘယ်ကို ပို့ပေးရမလဲ"

မုတ်သုန် စိတ်က တင်းခနဲ ဖြစ်သွား၏ ကိုယ့်ဘဝကို စိတ်နာ၊ အရာရာကို ဘဝမကျရတဲ့ အထဲ...

"စီးမလား၊ သင့်အောင်ဈေးညှိလို့ ရတယ်နော်"

သည်းခံခြင်းစိတ်တွေက ဘာကြောင့် ပျောက်ကွယ်သွားသလဲ မသိတော့။

"ဒီမှာ "

"ဟမ်"

"ခင်ဗျားတို့ ကျွန်တော့်ကို သူဌေးများ မှတ်နေသလား"

"အဲ"

"ပိုက်ဆံမရှိလို့ ခြေထောက်ကို အားကိုးနေတာ သဘောပေါက်"

ရှူတည်တည်နဲ့ ပြောပစ်လိုက်မှ လက်ဆွဲတော့ မတတ်ဖြစ်နေသော တက္ကစီသမား နောက်သို့ဆုတ်သွားသည် ။ မုတ်သုန် ကိုယ်နှင့် လမ်းသင့်မည့် လိုင်းကားကို မြင်လိုက်ရသဖြင့် အပြေးအလွှား သွားလိုက်စဉ်....

"ဟာ"

"ကျွီ"

"အား"

ရုတ်တရက်အနားသို့ ရောက်လာသောကားကို လွတ်အောင်ရှောင်ဖို့ လမ်းဘေးသို့ ဒိုင်ပင်ထိုးချလိုက်ရသည့် အဖြစ်။

"ညီလေး ဘာဖြစ်သွားသေးလဲ"

"အား...ကျွတ်...ကျွတ်"

ကားပေါ်ကနေ ဆင်းလာသူက မုတ်သုန်ကို ဟိုကိုင်ရမလို ဒီကိုင်ရမလိုနှင့် မေးလေသည် ။

"ဘယ်ထိသွားလဲဟင်"

"အစ်ကို့ကားနဲ့ မတိုက်မိပါဘူး။ ကျွန်တော် ရှောင်ရင်း လဲကျလို့ ဒူးကွဲသွားတာထင်တယ်"

"မှန်း....အစ်ကို့ကို ပြပါဦး"

မုတ်သုန် ခပ်မဲ့မဲ့ မျက်နှာလေးနှင့် ပုဆိုးစလေးကို အသာမလိုက်တော့ သွေးတွေကစီးကျနေ၏။

"ဟာ…သွေးတွေ။ တော်တော်ကွဲသွားတာပဲ။ ဒူးထောက်ပြီး ကျသွားတာထင်တယ်"

"ဟုတ်တယ်"

"ကဲ ….ထ…သွားမယ်"

"ဗျာ"

မုတ်သုန် အံ့ဩသလို မော့ကြည့်လိုက်တော့…

"ထနိုင်ရဲ့ လား"

"ရပါတယ် အစ်ကို။ ကျွန်တော်က တောသားပါ။ ဒီလောက်ဒဏ်ရာလောက်ကို မဖြုံပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ ညီလေးရာ။ ဒဏ်ရာတစ်ခု ရပြီဆိုရင် နည်းနည်းများများ ဆေးထည့်ရမှာ ပေါ့။ အစ်ကိုက ဆရာဝန်ပါ။ ကားပေါ်မှာ ဆေးသေတ္တာပါတယ်။ လာဆေးလိုက်ထည့်"

"အားနာလိုက်တာဗျာ"

မျက်မှန်အဖြူရောင်လေးနှင့် တည်ကြည်ခန့်ညား သောအသွင်ရှိ ဆရာဝန်ဆိုသူက မုတ်သုန်ကို တွဲထူပြီး သူ့ကားပေါ်သို့ ခေါ်သွားသည် ။ အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် ချောသည် ဟု မဆိုသာသော်လည်း ကြည့်လို့ တော့ကောင်းသည် ။

"အစ်ကိုက မိတ်ဆွေတစ်ယောက် နေမကောင်းလို့ လာကြည့်ပေးတာကွ"

"ဩော်"

"တော်သေးတာပေါ့ကွာ၊ မင်း အရှောင်ကောင်း လို့ မတိုက်မိတာ။ မ

ဟုတ်ရင် မင်းရော ငါရော လူတွေ ရုတ်ရုတ်သဲသဲကြားမှာ ဘာတွေဖြစ်ကုန်မယ် မသိဘူး"

ဆေးထည့်ပြီး ပတ်တီးစည်းပေးရင်း ထိုသူက မုတ်သုန်ကို စကားတွေပြောနေ၏။ မုတ်သုန် မျက်နှာကို တစ်ချက်ကြည့်ပြီး....

"မင်း တော်တော်အကြောမာတဲ့ ကောင်ပဲ။ ဆေးထည့်တာ တစ်ချက်ကလေးမှ မညည်းဘူး"

မုတ်သုန် ရယ်လိုက်ကာ...

"အကြောမာဆို တောသားလေ အစ်ကိုရယ်"

"ဟား..ဟား...ဟား"

ဆရာဝန်က သဘောကျစွာ ရယ်လေသည် ။

"မင်းကတော့ တကယ့်ကောင်ပဲကွာ။ ရှားပါးပစ္စည်းပဲ"

"ဗျာ"

"သူများ တွေက တောကတက်လာရင် တောသားမှန်း လူသိမှာ စိုးလို့ မြို့စတိုင်ဖမ်းတယ်။ မင်းကတော့ တောသားမှန်းလူသိအောင် မဏ္ဍပ်တိုင်တက်ပြနေတော့တာပဲ"

"ကျွန်တော်က ဟန်ဆောင်ရတာ ဝါသနာ မပါဘူး။ နောက်ကျောမလုံသလိုပဲ"

"ယုံပါတယ်ကွာ။ ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်လဲ"

"မိုးဦးမုတ်သုန်ပါ အစ်ကို။ မုတ်သုန်လို့ ပဲ ခေါ်ကြပါတယ်။ နာမည်က ရှည်နေလို့ "

"မင်းရုပ်ရည် မင်းနာမည်နဲ့ တောမှာ လူသွားဖြစ်တာ မတန်လိုက်

တာကွာ"

"ကံတရားနဲ့ ဘုရားက သတ်မှတ်ပေးတာပဲ အစ်ကိုရာ"

ဒေါက်တာခိုင်ရှင်း မှတ်သုန်ကို စူးစူးစိုက်စိုက် ကလေးကြည့်မိ၏။ ဒီ ကောင်လေးနဲ့ စကားပြောရတာ ခဏ အတွင်းမှာ ရင်းနှီးသွားသလိုပါပဲ။ ပွင့်လင်းတာလေးကို သူ သဘောကျသွားတာပဲ ဖြစ်လိမ့်မည်။

"အစ်ကို့နာမည်ကို မှတ်ထားဦး ...ခိုင်ရှင်းတဲ့ ။ နောက်လမ်းမှာ တွေ့ ရင်ခေါ်ပေါ့"

"မှတ်တော့ထားပါ့မယ်။ ဒါပေမဲ့ အစ်ကိုနဲ့ ကျွန်တော် တွေ့မှာ မဟု တ်ဘူး "

"ဘာဖြစ်လို့ လဲ"

"အစ်ကို ကျင်လည်တဲ့ ပတ်ဝန်းကျင်နဲ့ ကျွန်တော် ကျင်လည်ရမယ့် ပတ်ဝန်းကျင်က တခြားစီ ဖြစ်နေလို့ ပါ"

"ပြောလို့ ရမလား၊ တွေ့ချင်တွေ့မှာ ပေါ့၊ ဥပမာ မင်းနေမကောင်းလို့ ငါ့ဆေးခန်း ရောက်လာတာမျိုးလေ။ ရေစက်မကုန်ရင် ကြုံဖန်ပြီး ဆုံတ တ်တယ်ကွ"

"ဟာ...အစ်ကိုကလည်း "

နှစ်ယောက်သား ရယ်မိကြသည် ။ မှတ်သုန် သူများကားပေါ်မှာ ထိုင် ပြီး လေဖောနေမိသည့် ကိုယ့်အဖြစ်ကိုယ်ပြန်ပြီး သတိရသွားမိ၏။ သူ ရှေ့ကို ခရီးဆက်ရဦးမှာ ။

"ဟို...စကားကတော့ ပြောလို့ ကောင်းပါရဲ့ အစ်ကိုရယ်။ ကျွန်တော် ရှေ့ဆက်ရဦးမှာ မို့ သွားတော့မယ်နော်"

"နေပါဦး"

ဒေါက်တာခိုင်ရှင်းက မုတ်သုန် လက်မောင်းကို ဆွဲထားသဖြင့် မုတ်သုန် ပြန်ငဲ့ကြည့်လိုက်သည် ။

"မင်း ဘယ်ကိုသွားမှာ လဲ။ ငါလိုက်ပို့ပေးမယ်"

မုတ်သုန် ပြုံးလိုက်ကာ...

"မပို့ပါနဲ့ အစ်ကို။ ကျွန်တော် သွားမယ့်လမ်းတွေ က မရေရာ မသေချာတာတွေချည်းပဲ"

"ဟေ...မင်းစကားက ဘာလဲ။ ငါ့ကို ရှင်းအောင် ပြောပါကွ"

"ကျွန်တော်က ရန်ကုန်မှာ အလုပ်လုပ်ချင်လို့ လာခဲ့တာ အစ်ကိုရ။ အသိတွေဆီမှာ နေဖို့ ဆိုတာက အလုပ်ရမှ ။ မရရင် လျှောက်ရှာရဦးမှာ "

ဒေါက်တာခိုင်ရှင်း တွေခနဲ စဉ်းစားပြီးမှ မုတ်သုန်ကို ကြည့်လိုက်ကာ...

"မင်း ငါနဲ့ လိုက်ခဲ့ပါလား"

"ဗျာ"

မုတ်သုန် ထင်မှတ်မထားသော စကားပါ။

"ငါ့အိမ်မှာ ငါတစ်ယောက်တည်းနေတာကွ။ တစ်ယောက်တည်းဆိုတော့ အထီးကျန်တာပေါ့ကွာ။ အဲ...မင်းလိုက်မယ် ဆိုရင်တော့ အဖော်ရတာပေါ့။ မင်းအတွက် သင့်တော်မယ့် အလုပ်ကိုလည်း ငါရှာပေးပါ့မယ်"

"ကျွန်တော့်အတွက် အစ်ကို တာဝန်တွေ ပိုနေပေါ့မယ်"

"ဘာပိုစရာရှိလဲကွာ။ မင်းကို ငါက ပွေ့ပိုက်ထမ်းပိုးထားရတာမှ မဟုတ်တာ"

မုတ်သုန် တွေတွေငေးငေးလေး ဖြစ်သွား၏။ ကိုယ်လျှောက်ရမယ့်လမ်းက သေချာတာ ဘာတစ်ခုမှ မရှိတာ မဟုတ်။ မိထွေးမျက်နှာကို မမြင်ချင်တာနဲ့ ရည်းစားကို စိတ်နာပြီး ရွာမှာ မနေချင်လို့ သာ ထွက်လာခဲ့တာ။ ကျန်တဲ့ အပိုင်းက ဧရာမ စွန့်စားခန်းပါပဲ။

ဝါးလုံးနင်းမိမလား၊ ဝါးခြမ်းနင်းမိမလား ဝေဝေဝါးဝါးနဲ့ ပဲ ဘဝကို ကြိုသလိုဖြတ်သန်းဖို့ ဆုံးဖြတ်ထားတာ။ ခုလို လိုလိုလားလားနဲ့ ခေါ်သူရှိတာ ဘုရားမတာပေ့ါ။ သူ တော်ကောင်းကို နတ်ကောင်းမတယ်ဆိုတဲ့ စကားက မှန်နေသလား။

မေမေရယ်...သားလေ မေမေ့မေတ္တာတရား တွေကို အောက်မေ့သတိရရင်း မမေ့မလျော့ မပေ့ါမဆနဲ့ မေမေ့ကို ထာဝရဦးထိပ်မှာ ပန်ဆင်ထားလို့ များ မေမေ သားကို လိုက်ပြီး စောင့်ရှောက်နေသလားမေမေ။ ခလုတ်ထိမှ အမိတတာမျိုး မဟုတ်ဘူး မေမေ။ မေမေ့ကို သား တစ်နေ့မှ မေ့မရခဲ့တာပါ။ ဤသစ္စာစကား မှန်ကန်ပါက သားရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းခွင့်ကြုံရပါစေ။

"စဉ်းစားလှချည်လား မုတ်သုန်ရ၊ ဘယ်လိုလဲ လိုက်မယ်မဟုတ်လား "

"ဟုတ်ကဲ့...ကျွန်တော် လိုက်ခဲ့ပ့ါမယ် အစ်ကို"

"ဝမ်းသာလိုက်တာကွာ။ အဲဒီလိုမှ ဖြေပ့ါမလားလို့ "

ဒေါက်တာခိုင်ရှင်းပုံက တကယ် ပီတိဖြစ်သွားဟန်။ ကမ်းမမြင်လမ်းမမြင်နဲ့ ပင်လယ်သမုဒ္ဒရာထဲမှာ စီးမျောနေတဲ့ ဖေဒါလေး ဆည်ယူ

သူနဲ့ တော့တွေ့ပြီ။

နေကြာလို အသွင်ကူးပြောင်းပြီး လောကစံကို ကြွကြွခံ နေမင်းကို ဖီဆန်လို့ လောကအလယ်မှာ ရဲရဲဝံ့ဝံ့ ရပ်တည်နိုင်ဖို့ မဆုပ်မနစ် ကြိုးစားရမှာ က ကိုယ့်တာဝန်။

"မုတ်သုန်"

"ဗျာ"

"မင်း ထမင်းဟင်း ချက်တတ်လား"

"ထမင်းတော့ချက်တတ်တယ် အစ်ကို။ ဟင်းကတော့ ဘဲဥကြော်တာလောက်၊ ငါးကြော်တာလောက်ပဲ ဖြစ်တယ်"

"ဒါဆို ဒီလိုလုပ်ကွာ"

"ဘယ်လိုလဲ"

ဒေါက်တာခိုင်ရှင်း ဘာတွေညွှန်ကြားမလဲ မုတ်သုန် နားစွင့်နေလိုက်သည် ။

"ငါက တစ်ယောက်တည်းသမားဆိုတော့ ဆိုင်ထမင်း။ ဆိုင်ဟင်းပဲ စားနေရတာ ငြီးငွေ့ လာပြီကွ။ အဲဒီတော့ မင်းက ငါ့ရဲ့ အိမ်ရှင်မလုပ်ပြီး ထမင်းဟင်း ချက်ကွာ။ ဘေးအိမ်က အဒေါ်ကြီးက ဟင်းချက်တော်တော်ကောင်းတာကွ။ မင်း သူ့ဆီမှာ သင်တန်းတက်လိုက်၊ လေးငါးရက်လောက် လာပြခိုင်းလိုက်ရင် မင်းတတ်မှာ ပါ။ ဘယ့်နှယ်လဲ"

"ကောင်းပါတယ်၊ ကျွန်တော်လုပ်ပါ့မယ် အစ်ကို"

"မင်းအတွက် ဝင်ငွေရအောင် စီးပွားရေးလုပ်ဖို့ ကတော့ ငါ့ခြံထဲမှာ ပန်းပင်တွေရှိတယ်။ ပြုစုမယ့်သူမရှိ ဖြစ်နေတာ။ အဲဒါတွေကို

မင်းပြုစုပြီး ရောင်းပေါ့ကွာ။ နောက်ထပ်လည်း ပန်းမျိုးကောင်းတွေ ငါ ထပ်ဝယ်ပေးမယ်"

သူ့ရှေ့ရေးအတွက် ထောင့်စေ့အောင် စီစဉ်ညွှန်ကြားပေးတဲ့ အစ်ကို ခိုင်ရှင်းကို မုတ်သုန် ထိုင်ပြီးသာ ဦးချလိုက်ချင်တော့၏။

အင်းလေ ...မုတ်သုန်က သူတော်ကောင်းလေး ဆိုတော့ အစ်ကိုခိုင် ရှင်းက နတ်ကောင်းနတ်မြတ်ကြီးပေါ့။

***